ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday 5 June 2018 ၉၃၀၈

# ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

## မှန်ကန်သော ယာဉ်အချက်ပြမီး တစ်ပြေးညီကျင့်သုံးရန် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည်

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **လမ်းအသုံးပြုသူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သော ယာဉ်အချက်ပြမီး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးသွားရန် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မော်တော်ယာဉ်များ မောင်းနှင်ရာ၌ အချက်ပြမီး မှားယွင်းစွာအသုံးပြုနေမှုများနှင့်ပတ်သက်၍ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။

# မြဂနိုင် ရုပ်ရှင်ဇာတ်ကား ယူနက်စကိုစာရင်းဝင် အမွေအနှစ်အဖြစ် ကြိုးပမ်းမှုအောင်မြင်

**နေပြည်တော် ဇွန် ၄**

မှတ်တမ်းအမွေအနှစ်ဆိုင်ရာ အာရှ-ပစိဖိတ်ကော်မတီအစည်းအဝေးကို ကိုရီးယားသမ္မတနိုင်ငံ ဂွမ်ဂျူမြို့၌ ကျင်းပလျက်ရှိရာ ၁၉၃၄ ခုနှစ်က မြန်မာနိုင်ငံမှ ရိုက်ကူးပြသခဲ့သည့် ရှေးဟောင်းမြန်မာ့ရုပ်ရှင် မြဂနိုင်ဇာတ်ကားမှာ ယူနက်စကိုစာရင်းဝင်(ဒေသအဆင့်)ရခဲ့ကြောင်း မြန်မာနိုင်ငံမှ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ်အဖြစ် တက်ရောက်ခဲ့သည့် ဦးကြည်ရွှင်က ထုတ်ဖော်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ မှတ်တမ်းအမွေအနှစ်များဆိုင်ရာ နိုင်ငံအဆင့်ကော်မတီဖွဲ့စည်းနိုင်ဖို့ စတင်တာဝန်ယူစဉ်ကတည်းက ဆက်တိုက်ကြိုးပမ်းလာခဲ့ရာမှာ အခုတော့ မကြာခင်ပေါ် ပေါက်လာပါတော့မယ်။ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တင်ပြဖို့နဲ့ အနာဂတ်အစီအစဉ်တွေအတွက် လာရောက်ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့တော့ ကြိုတင်မစီစဉ်ခဲ့တဲ့ ကိစ္စရပ်နှစ်ခုကို မမျှော်လင့်ဘဲ ဆောင်ရွက်လိုက်ရပါတယ်"ဟု ဦးကြည်ရွှင်၏ လူမှုကွန်ရက်မှတစ်ဆင့် အသိပေးထားသည်။

ဆက်လက်၍ "တင်ပြချက်တစ်ခုကိုလုပ်ဖို့ ကြိုတင်ပြင်ဆင်ရတယ်ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ပါဘူး။ ပြီးတော့ ကြိုတင်လည်း သိမထားပါဘူး။ စာရင်းသွင်းဖို့ ဆောင်ရွက်နေတာတော့ သိပြီးသားပါ။ ကြိုတင်သိနိုင်မယ်ဆိုရင် မြဂနိုင်ဇာတ်ကားကို ယူနက်စကိုစာရင်းဝင်ဖို့ ကြိုးစားနေတဲ့ မောင်ဥက္ကာ (ဒါရိုက်တာ မောင်ဝဏ္ဏ၏သား)ကို ကျွန်တော်ဆက်သွယ်စီစဉ်နိုင်သလို ကျောက်စာအတွက်လည်း ရှေးဟောင်းသုတေသနဌာနနဲ့အတူ စီစဉ်ရင် ဖြစ်ပါတယ်။ တကယ်တမ်းစပြီး တင်ပြရမယ့်အချိန်မှာ ကိုယ့်ပြိုင်ဘက်နိုင်ငံတွေရဲ့ လုပ်ဆောင်မှုတွေကြောင့် မရတော့ပါဘူးဆိုပြီး စိတ်အားပျက်ရပြန်ပါတယ်။ တစ်ဖက်နိုင်ငံတွေရဲ့ တင်ပြမှုတွေဟာ အလွန်ပရော်ဖက်ရှင်နယ်ဆန်ပါတယ်။ စာအုပ်တွေပုံနှိပ်ပြီး ဝေကြပါတယ်။ မှတ်တမ်းပုံစံတူတွေသယ်လာပြီး ပိတ်ကားလိပ်တွေနဲ့ပြကြပါတယ်"ဟု ပြောသည်။ ဆက်လက်၍ "ဒါပေမယ့်လည်း မဲပေးရွေးချယ်ကြတဲ့ ကော်မတီလူကြီးတွေရဲ့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် DIPD တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး
စာမျက်နှာ » ၃

ကုန်သွယ်ရေးပိတ်ဆို့မှုများ အမေရိကန်ပြုလုပ်လျှင် ကုန်သွယ်ရေးဆွေးနွေးပွဲရလဒ် ပျက်ပြားနိုင်ဟု တရုတ်သတိပေး
စာမျက်နှာ » ၄

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူဖြစ်စေရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၈

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ကြေးမုံ

## ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် စင်ကာပူနိုင်ငံတွင် ဇွန် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးကာလအတွင်း နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအား အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ရာတွင် အချို့သော နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ခြင်းမရှိဘဲ တစ်ဖက်သတ်ဆောင်ရွက်နေမှုများ ရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသည့် ပဋိပက္ခ၏အဓိကအကြောင်းအရင်းမှာ အကြမ်းဖက်ဝါဒကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

အကြမ်းဖက်ဝါဒမှာ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာအသိုင်းအဝိုင်းတွင်ပါ စိုးရိမ်ပူပန်နေရသော ပြဿနာဖြစ်သည်။ အနောက်နိုင်ငံများတွင်သာမက အရှေ့တောင်အာရှ နိုင်ငံအချို့တွင်ပင် အကြမ်းဖက်မှု၏ ခြိမ်းခြောက်ခြင်းကို ခံလာရသည့်အနေအထားရှိလာသည်။ အကြမ်းဖက်မှုသည် အလွန်ကြီးမားသော ခြိမ်းခြောက်မှုဖြစ်သည်ကို နိုင်ငံ့ခေါင်းဆောင်များက ပြောကြားလာကြပြီး အကြမ်းဖက်မှုဆန့်ကျင်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအစီအမံများကို ရေးဆွဲပြင်ဆင်နေကြသည်ကို ကြားသိနေရသည်။

စင်ကာပူနိုင်ငံတွင်ကျင်းပသည့် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် “မြန်မာနိုင်ငံ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ”ခေါင်းစဉ်ဖြင့် အထူးကဏ္ဍဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်ပြဿနာမှာ ARSA ခေါ်သော အကြမ်းဖက်အဖွဲ့က ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား စနစ်တကျစီမံ၍ ရက်စက်စွာသတ်ဖြတ်ခဲ့သည့် လုပ်ရပ်များကြောင့် အစ္စလာမ်ဘာသာဝင်များနှင့် တိုင်းရင်းသားလူနည်းစုများ နေရပ်စွန့်ခွာသွားခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့က မမှန်မကန် ဝါဒဖြန့်မှုများကြောင့် အခြေအနေမှာ အလွန်ဆိုးရွားသွားခဲ့ရခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ မတူညီသော လူ့အသိုက်အဝန်းများ ထိခိုက်ခံစားခဲ့ကြရသည်။

ယင်းအခြေအနေကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း၊ အမည်ဖျက်ခြင်း၊ အရှက်ရစေရန် ရည်ညွှန်းပြောဆိုခြင်းများသည် လက်ရှိတင်းမာမှုကို ပိုမိုဆိုးရွားစေသည့်အပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာနှင့် ရေရှည်တည်တံ့နိုင်မည့် အဖြေရှာနေမှုများအပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းစွာပြောကြားခဲ့သည်။

လက်ရှိတွင် အကြမ်းဖက်သမားများက ၎င်းတို့၏ရည်ရွယ်ချက်အောင်မြင်စေရေးအတွက် မဟုတ်မမှန် ဝါဒဖြန့်မှုများ၊ ဒုက္ခသည်များအား ခုတုံးလုပ် အသုံးချနေမှုများ၊ အကြမ်းဖက်အဖျက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြံစည်အားထုတ်နေမှုများကို မြင်တွေ့နေရပြီး မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုများကို တစ်ဖက်ကလုပ်ဆောင်ရင်း အကြမ်းဖက်သမားများ၏ အန္တရာယ်များအား မျက်ခြည်မပြတ်စောင့်ကြည့်ကာကွယ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသာမက နိုင်ငံတကာအသိုက်အဝန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်မှုအန္တရာယ်များအား ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ပြီး ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အခြေခံလယ်ယာသုံးစက်ကိရိယာပြင်ဆင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၄**

အခြေခံလယ်ယာသုံး စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းမှု(တောင်သူ) သင်တန်း(၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က စိုက်ပျိုးရေးကို အခြေခံသည့်ဒေသဖြစ်သည့်အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ကိုင်ရာတွင် စက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာမောင်းနှင်ပြီး မိမိကိုယ်တိုင်ပြင်ဆင်ထိန်းသိမ်းတတ်စေရန်၊ သီးနှံများအား အချိန်မီစိုက်ပျိုးနိုင်ပြီး အချိန်ကိုက်ပြန်လည်ရိတ်သိမ်းနိုင်စေရန်၊ စက်ကိရိယာနှင့် နည်းပညာများကို အသုံးချကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်အတွက် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး(စီမံကိန်း) ဒေါ်ယုခင်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို



လည်းကောင်း၊ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းအောင်က သမဝါယမ အသင်းသားတောင်သူများအား လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ထုတ်ပေးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် နေပြည်တော်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် သမဝါယမအသင်းသား တောင်သူ ၃၀ တို့အား ဇွန် ၄ ရက်မှ ဇူလိုင် ၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

## ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကို အကျိုးပြုနေသည့် ကွမ်းခြံကုန်းမြို့နယ်မှ တာပြတ်ဇရပ်ရေတံခါး

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ တာပြတ်ဇရပ် ရေတံခါးသည် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်တို့ရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်မှကင်းဝေးပြီး စိုက်ပျိုးရေရရှိကာ များစွာ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကော့မှူးမြို့နယ် မကျီးတန်းကွင်းမှ တောင်သူ ဦးဝင်းမြင့်က “ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ကော့မှူးမြို့နယ်အရှေ့ခြမ်း ရန်ကုန်မြစ်ဘက်မှာ ရေငန်တားတာတွေကာပေး၊ ကွင်းအတွင်းမှာ ရေနုတ်မြောင်းတွေတူးပြီး ကွမ်းခြံကုန်း ရေထိန်းတံခါးအပြင် တာပြတ်ဇရပ် ရေတံခါးကိုပါ တည်ဆောက်ပေးလိုက်တော့ မိုးစပါး ရေကြီးနစ်မြုပ်မှု ကင်းဝေးပြီး ရေချိုပါရလာတဲ့အတွက် နွေစပါးစိုက်ပျိုးမယ့် တောင်သူတွေများလာပါတယ်”ဟု ပြောသည်။

ယခင်က ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်မှ ဒေသခံတောင်သူများသည် မိုးရာသီ ရေကြီးနစ်မြုပ်မှု နှစ်စဉ်ခံစားနေရပြီး မိုးစပါး ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ၂၀၁၅ ခုနှစ်တွင် တာပြတ်ဇရပ်ရေတံခါးကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တာပြတ်ဇရပ်ရေတံခါးသည် ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ခြမ်းရှိ တာပြတ်ဇရပ်ချောင်းဟောင်းပေါ်တွင် ဆောက်လုပ်ထားပြီး ၆ ပေ × ၆ ပေ အကျယ်ရှိ ရေတံခါးပေါက် ခြောက်ပေါက်ပါရှိသော ရေတံခါးတစ်ခုဖြစ်ကာ




ကွင်းအတွင်းမှ ပိုလျှံရေများကို ဖောက်လုပ်ထားသည့် ရေမြောင်းများမှ ကွမ်းခြံကုန်းချောင်း၏ လက်တက်ဖြစ်သည့် တာပြတ်ဇရပ်ချောင်းမှ တစ်ဆင့် ဒီရေကျချိန်တွင် တိုးမြစ်အတွင်းသို့ ထုတ်နုတ်ပေးလျက်ရှိကြောင်း၊ တိုးမြစ်ဒီရေတက်ချိန်တွင်လည်း ကွင်းအတွင်းသို့ ပြင်ပရေ ပြန်လည်ဝင်ရောက်ခြင်းမပြုနိုင်ရန် ကာကွယ်ထိန်းညှိပေးကြောင်း၊ နွေစပါး စိုက်ပျိုးရာသီတွင်လည်း သဘာဝချောင်း၊ မြောင်းများနှင့် ရေနုတ်မြောင်းများတွင် ရေချိုသိုလှောင် ထိန်းသိမ်းလျက်ရှိပြီး တိုးမြစ်မှ ရေချိုဖြည့်တင်းပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“ကွမ်းခြံကုန်းနဲ့ ကော့မှူးမြို့နယ်မှာရှိတဲ့ ကွင်းတွေမှာက ဆက်တိုက် မိုးသည်းထန်စွာရွာတဲ့အခါ ရေကြီးရေလျှံမှုမဖြစ်စေဖို့အတွက် အလျင်အမြန် ရေနုတ်ပေးပြီး မိုးစပါးရေကြီးနစ်မြုပ်မှု ကင်းဝေးစေဖို့နဲ့ နွေစပါးအောင်ရေထိန်းသိမ်းသိုလှောင်ပေးနိုင်ဖို့အတွက် ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်” ဟု ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ပြောသည်။

အဆိုပါ တာပြတ်ဇရပ်ရေတံခါးကြောင့် ယခုအခါ ကော့မှူးမြို့နယ်တွင် မိုးစပါး ဧက ၂၅၄၆၆ ဧကနှင့် ကွမ်းခြံကုန်းမြို့နယ်တွင် မိုးစပါးဧကများစွာကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့ပြီး အဆိုပါ မြို့နယ်နှစ်မြို့နယ်အတွင်း နွေစပါးဧက ၇၃၈၇ ဧကကို စိုက်ပျိုးရေ သိုလှောင်ဖြည့်တင်းပေးဝေနိုင်ခဲ့ကြောင်း သိရသည်။ **မင်းသစ်(MNA)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၄**

ရန်ကုန်(ရွှေဈေး) ၉၃၂၅၀၀ - ၉၃၂၅၀၀ မန္တလေး(ရွှေဈေး) ၉၃၂၅၀၀ - ၉၃၂၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၁၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၇၀/၈၈၀ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၈၁၈/၈၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၁. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၈၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၇၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၅. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၅၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၃

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှု ရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက်တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် DIPD တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Danish Institute for Parties and Democracy(DIPD) တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် DIPD နှင့် ယခင်က ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သင်တန်းများ ပို့ချခြင်း၊ ဒိန်းမတ်နိုင်ငံ၏ မြူနီစီပယ်ရွေးကောက်ပွဲ လေ့လာနိုင်ရန် စီစဉ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား နိုင်ငံတကာ စံနှုန်းနှင့်အညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ DIPD အဖွဲ့၏ Chairperson of Board of Director Mr. Henrik Bach Mortensen က DIPD အဖွဲ့သည် ဒိန်းမတ်နိုင်ငံရှိ နိုင်ငံရေးပါတီများက ပူးပေါင်းကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်လျှောက်လှမ်းရာတွင် နိုင်ငံရေးပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံရေးတွင် လူငယ်များ၊ အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် DIPD အဖွဲ့မှ Director Mr. Rasmus Helveg Petersen တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် DIPD တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၄**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အမှတ်စဉ်(၁/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ဝင်းသိန်းက အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေး ကော်မတီတို့ ပူးပေါင်းရေးဆွဲနေမှုတို့ကို ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင် ၁၅ ဦး၊ အထူးဖိတ်ကြားထားသူ ငါးဦး စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**○ တိုင်းဒေသကြီးမှ**

ယနေ့ပထမနေ့ပြိုင်ပွဲတွင် လူသစ်တန်း ၄၈ ကီလိုတန်းပြိုင်ပွဲ သုံးပွဲ၊ လူသစ်တန်း ၅၁ ကီလိုတန်းပြိုင်ပွဲ သုံးပွဲ၊ လူသစ်တန်း ၅၄ ကီလိုတန်း ပြိုင်ပွဲ လေးပွဲ၊ လူသစ်တန်း ၅၇ ကီလိုတန်းပြိုင်ပွဲသုံးပွဲ၊ လူသစ်တန်း ၆၀ ကီလိုတန်း ပြိုင်ပွဲ တစ်ပွဲ၊ လူသစ်တန်း ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတစ်ပွဲ၊ အမျိုးသား (ခ)အဆင့် ၆၇ ကီလိုတန်းပြိုင်ပွဲတစ်ပွဲ၊ အမျိုးသား(ခ)အဆင့် ၇၁ ကီလိုတန်း ပြိုင်ပွဲ တစ်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတစ်ပွဲတို့ကို ကျင်းပပြီး အလဲထိုးပြိုင်ပွဲ ၁၂ ပွဲနှင့် အမှတ်ဖြင့် နိုင်ပွဲခြောက်ပွဲတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ရိုးရာလက်ဝှေ့ပြိုင်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ Myanmar Developer Association က ငွေကျပ် သိန်း ၅၀၊ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နာယက ဦးကျင်ဦးက ငွေကျပ်သိန်း ၃၀၊ MD ဦးစိုးမိုးအောင် မြန်မာမေတ္တာရှင်ကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာဦးခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း(ထက်လင်း)က ငွေကျပ် ၁၅ သိန်း၊ ဦးစိုင်းဇော်ဇော် TKO (Z.P.P.T)က ငွေကျပ် ရှစ်သိန်း၊ ဦးအောင်မျိုးထွန်း (A.M.T) သောက်ရေသန့်က ငွေကျပ် သုံးသိန်း အသီးသီးပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ နာယကများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲများကို ဇွန် ၄ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ နေ့စဉ် မွန်းလွဲ ၁ နာရီမှစတင်ကာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ကုန်သွယ်ရေးပိတ်ဆို့မှုများ အမေရိကန် ပြုလုပ်လျှင် ကုန်သွယ်ရေး ဆွေးနွေးပွဲရလဒ် ပျက်ပြားနိုင်ဟု တရုတ်သတိပေး



တရုတ်နိုင်ငံ ရှန်းစီးပြည်နယ် တိုင်ယွန်မြို့ရှိ သံမဏိထုတ်လုပ်ရေး စက်ရုံ။

**ပေကျင်း ဇွန် ၄**
တရုတ်နိုင်ငံလုပ် ကုန်ပစ္စည်းများအပေါ်တွင် သွင်းကုန်ခွန်ကြီးလေးစွာ ကောက်ယူမှုကို အမေရိကန်ပြည်ထောင်စုက ဆက်လက်ပြုလုပ်မည်ဆိုပါက နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးပွဲ၏ ရလဒ်များ အကောင်အထည်ပေါ်လာခြင်းမရှိဘဲ ပျက်ပြားသွားလိမ့်မည်ဟု တရုတ်အစိုးရအဖွဲ့က သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

### ပျက်ပြားသွားမည်

အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်မည်ဆိုပါက နှစ်နိုင်ငံပြုလုပ်ခဲ့သော ကုန်သွယ်ရေးဆွေးနွေးပွဲ၏ ရလဒ်များ ပြန်လည်ပျက်ပြားသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နိုင်ငံလုပ် ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိ ကုန်ပစ္စည်းများကို အမေရိကန်က တင်သွင်းလျက်ရှိရာတွင် သွင်းကုန်ခွန်နှုန်းထားသစ်ဖြင့် ကြီးလေးစွာ အခွန်ကောက်ယူမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအဖွဲ့က မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။ လွန်ခဲ့သည့်လက တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးစစ်ပွဲရှောင်လွှဲကြရန် သဘောတူညီခဲ့မှုကို ပြန်လည်ချေဖျက်ကာ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ကုန်သွယ်ရေးအရ ဒဏ်ခတ်ရေးအစီအစဉ်ကို အမေရိကန်ဘက်မှ ပြုလုပ်ခြင်းမရှိသင့်ဟု တရုတ်အစိုးရအဖွဲ့က သတိပေးသည်။

တရုတ် ဒုတိယဝန်ကြီးချုပ် လျူဟဲနှင့် အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရို့စ်တို့သည် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြသည်။ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ထပ်မံကောက်ယူမည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်ခဲ့ပြီးနောက် ဝန်ကြီးရို့စ်က တရုတ်နိုင်ငံသို့ သွားရောက်ကာ ကုန်သွယ်ရေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်အတွင်း ကနေဒါနိုင်ငံ၌ ကျင်းပသော ဂျီ-၇ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးတွင် သံမဏိနှင့် အလူမီနီယမ်ကုန်ပစ္စည်းများအပေါ် အမေရိကန်က သွင်းကုန်ခွန်ကြီးလေးစွာ ကောက်ယူရန် စီစဉ်ခြင်းနှင့်ပတ်သက်၍ အမေရိကန်၏မဟာမိတ်နိုင်ငံများက ပြင်းထန်စွာ ဝေဖန်ကန့်ကွက်ခဲ့ကြသည်။

**အေအက်ဖ်ပီ**



# ဂွါတီမာလာနိုင်ငံ၌ မီးတောင်ပေါက်ကွဲ ၂၅ ဦးထက်မနည်း သေဆုံး၊ ၃၀၀ နီးပါးဒဏ်ရာရ

**ဂွါတီမာလာစီးတီး ဇွန် ၄**
အမေရိကတိုက်အလယ်ပိုင်းတွင် သက်ဝင်လှုပ်ရှားမှု အများဆုံး မီးတောင်တစ်လုံးဖြစ်သည့် ဂွါတီမာလာနိုင်ငံရှိ ဗော်လကန်ဒီဖီဂို မီးတောင်သည် ဇွန် ၃ရက်က ပြင်းထန်စွာ ပေါက်ကွဲခဲ့ရာ မီးတောင်ပြာမှုန်များနှင့် ချော်ရည်ခဲများ ပန်းထုတ်ခဲ့ပြီး မီးတောင်အနီးဝန်းကျင်ရှိ ကျေးရွာများပေါ်သို့ မီးတောင်ပြာများထူထပ်စွာ ကျရောက်ခဲ့ကြောင်း၊ အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် လူ ၂၅ ဦးထက်မနည်းသေဆုံးပြီး လူ ၃၀၀ နီးပါးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဇွန် ၃ ရက် အစောပိုင်းတွင် မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးရသည်ဟု အတည်ပြုနိုင်ခဲ့သည့် ရုပ်အလောင်း ခုနစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းနေ့နှောင်းပိုင်းတွင် သေဆုံးသူ ၁၈ ဦး၏ ရုပ်အလောင်းများကို ဆန်ဗျူရပ်လို့စ် လော့တီးစ်လူနေဒေသတွင် ထပ်မံရှာဖွေတွေ့ရှိရသဖြင့် သေဆုံးသူဦးရေ တိုးမြင့်လာကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်ဒီလီယွန်က ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ဦးရေမြင့်တက်လာသည်ကို အာဏာပိုင်များက စိုးရိမ်လျက်ရှိကြပြီး သေဆုံးသူ မည်မျှရှိသည်ကို အတည်မပြုနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

### မီးလျှံမီးတောင်

စပိန်ဘာသာစကားဖြင့် 'မီးလျှံမီးတောင်'ဟု အမည်ရသည့် ဒီဖီဂိုမီးတောင်သည် ဇွန် ၃ရက် ဒေသစံတော်ချိန် မွန်းမတည့်မီအချိန်တွင် ပေါက်ကွဲခဲ့ပြီးနောက် နာရီအနည်းငယ်အကြာ ညနေ ၄ နာရီဝန်းကျင်တွင် မီးတောင်အတွင်းပိုင်းမှ ချော်ရည်များ စတင်ထွက်လာခဲ့သည်။

အဆိုပါမီးတောင်မှ စီးဆင်းလာသည့်ချော်ရည်များ၏ အပူချိန်သည် ၇၀၀ ဒီဂရီဆဲလ်စီးယပ်ခန့်ရှိကြောင်း ဂွါတီမာလာ မြေငလျင်များနှင့် မီးတောင်ဗေဒ သိပ္ပံဌာနကြီးကြပ်ရေးမှူး အက်ဒီဆန်ချက်ဇ်က ပြောကြားသည်။

ဒေသတွင်း ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ရာတွင် ချော်ရည်များလောင်ကျွမ်းသွားသည့် မြေပြင်အခင်းအကျင်းကို ပြသပြီး လူနေအိမ်များအတွင်းသို့ ချော်ရည်များ စီးဝင်နေပုံကို ပြသခဲ့သည်။

အခြားဒေသတွင်း ရုပ်သံသတင်းဌာနတစ်ခု၏ ပြကွက်တွင် ဒေသခံများသည် ဖိနပ်မပါခြေဗလာဖြင့် ရွှံ့စေးမြေ ဖုံးအုပ် ကျန်သည့်မြေပြင်ပေါ်၌ ခြေကျင်ခရီးနှင်နေပုံကို တွေ့မြင်ရသည်။

ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စစ်သည်များပါဝင်သည့် ရာပေါင်းများစွာသော ရှာဖွေကယ်ဆယ်ရေးသမားများသည် အဆိုပါ မီးတောင်မှ ချော်ရည်များ မှုတ်ထုတ်နေဆဲတွင် သေဆုံးသူများ၏ရုပ်အလောင်းများကို ရှာဖွေလျက်ရှိသည်။ **အေအက်ဖ်ပီ**

# ယီမင်ရှိ ဟိုဒေဒါဆိပ်ကမ်းမြို့အနီး တိုက်ခိုက်မှုများအတွင်း အစိုးရနှင့် သူပုန်တပ်ဖွဲ့ဝင်များ အကျအဆုံး များပြား

**အေဒင် ဇွန် ၄**
ယီမင်နိုင်ငံ၌ ယခုနှစ် မေလနှောင်းပိုင်းမှစ၍ နိုင်ငံအနောက်ပိုင်းရှိ သူပုန်တို့ခြေကုပ်ပြုရာ ဟိုဒေဒါပင်လယ်ဆိပ်ကမ်းမြို့ကို သိမ်းယူနိုင်ရန် အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိရာ တိုက်ခိုက်မှုများအတွင်း အစိုးရတပ်ဖွဲ့မှ စစ်တပ်ဖွဲ့ဝင်များနှင့် သောင်းကျန်းသူ ဦးရေ ၁၀၀ ကျော် သေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယီမင် သောင်းကျန်းသူများ၏ ခြေကုပ်စခန်းတည်ရာ ဟိုဒေဒါဆိပ်ကမ်းမြို့ကို ဝန်းပတ်ပိတ်ဆို့နိုင်ရန် ရည်ရွယ်၍ အစိုးရတပ်ဖွဲ့များက ၎င်းတို့၏ထိုးစစ်ကို လွန်ခဲ့သည့်ရက်သတ္တပတ်မှစ၍ အရှိန်မြှင့်တင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယီမင်သမ္မတ မန်ဆောဟာဒီအား သစ္စာခံသည့် တပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန် သောင်းကျန်းသူတို့အကြား လွန်ခဲ့သည့် သုံးနှစ်ကျော်ကတည်းက ဖြစ်ပွားလာသော တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားဆဲဖြစ်သည်။

### ထောက်ပံ့ရေးစခန်း

ယီမင်သမ္မတ ဟာဒီအား သစ္စာခံသည့် တပ်ဖွဲ့များကို ဆော်ဒီအာရေဗျနိုင်ငံက ထောက်ပံ့မှုများ ပြုလုပ်နေပြီး ဟူသီသူပုန်တို့အား အီရန်က ထောက်ခံအားပေးလျက်ရှိသည်။ ဟိုဒေဒါဆိပ်ကမ်းမြို့သည် ပင်လယ်နီကမ်းခြေတွင် တည်ရှိပြီး ဟူသီသူပုန်တပ်ဖွဲ့အတွက် အရေးအပါဆုံး ထောက်ပံ့ရေးစခန်းဖြစ်သည်။

ဟူသီသူပုန်များသည် အဆိုပါဆိပ်ကမ်းမှ စစ်လက်နက်ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် နေ့စဉ်သုံး လူသုံးကုန် ပစ္စည်းများကို နိုင်ငံရပ်ခြားမှ လက်ခံရယူနေသည်။ ဟူသီသူပုန်များက ယီမင်အစိုးရတပ်ဖွဲ့များအား အပြင်းအထန် ခုခံကာကွယ်နေစဉ် မြို့တော်အလယ်ပိုင်းသို့ စစ်ပွဲပျံ့နှံ့လာပါက မြို့နေ လူထု ၂၀၀၀၀၀ အား မဖြစ်မနေ နေရာရွှေ့ပြောင်းပေးရမည်ဟု ကုလသမဂ္ဂက သတိပေးချက် ထုတ်ပြန်ထားသည်။ **အေအက်ဖ်ပီ**



## အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအပြီး → ဝန်ကြီးချုပ်ကို ဂျော်ဒန်ဘုရင်ဆင့်ခေါ်

**အမ္မန် ဇွန် ၄**
ဂျော်ဒန်အစိုးရအဖွဲ့၏ ခြိုးခြံချွေတာရေး အစီအစဉ်များနှင့် ပတ်သက်၍ ကန့်ကွက်သည့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ဘုရင် အဗ္ဗဒူလာက ဝန်ကြီးချုပ် ဟာနီမူလ်ကီအား ဆင့်ခေါ်ကာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ တွေ့ဆုံဆွေးနွေးခြင်းသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရေးအတွက် လမ်းဖွင့်ပေးရာရောက်ကြောင်း အစိုးရသတင်းရပ်ကွက်က ဇွန် ၄ ရက်တွင် ပြောကြားသည်။

ဝင်ငွေခွန် ဥပဒေ မူကြမ်းတစ်ရပ်ပေါ်ထွက်လာခြင်းနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ အကြံပြုချက်များအပေါ် အခြေခံကာ ကုန်စျေးနှုန်းများ မြှင့်တင်ခြင်းတို့နှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကြသူ ပြည်သူများက မြို့တော်အမ္မန်နှင့် အခြားမြို့ကြီးများတွင် စုဝေးဆန္ဒပြခဲ့ကြသည်။

ဝန်ကြီးချုပ်ဟာနီမူလ်ကီ ရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ အစိုးရ၏ အခွန်ကောက်ယူမှု စနစ်သစ်ကို ကန့်ကွက်ကြသော အမတ်များနှင့် အလုပ်သမားသမဂ္ဂများ၏ အားပေးထောက်ခံမှုကို ရယူကာ ဝန်ကြီးချုပ် ပြုတ်ကျသည်အထိ ဆက်လက်ဆန္ဒပြသွားမည်ဖြစ်ကြောင်း ဆန္ဒပြပွဲ စီစဉ်သူများက ပြောကြားကြသည်။ အေအက်ဖ်ပီ

# ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့

ဇာခြည်လှသန်း




၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်နေ့(ယနေ့)ဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ပဲ ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ကုလသမဂ္ဂက ကြီးမှူးပြီး ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာ ကျင်းပခဲ့တဲ့ ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးက နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာသူ ကမ္ဘာသားအားလုံး တစ်ယောက်မကျန် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထားဂရုပြုတက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြစေဖို့ တွန်းအားပေးတဲ့အနေနဲ့ ရည်ရွယ်ကာ **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကမ္ဘာ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ဖို့ လိုအပ်တဲ့နည်းပညာအကူအညီ ပေးနိုင်ဖို့စတဲ့ အချက်တွေအပေါ်အခြေခံပြီး **ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme, UNEP)** ကိုလည်း ထိုညီလာခံကြီးအပြီးမှာပဲ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်ကစပြီး UNEP က နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်တွေကို သတ်မှတ်ပေးခဲ့ပြီး ၁၉၈၇ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာ အခမ်းအနားတွေကို ကမ္ဘာ့နိုင်ငံအသီးသီးက မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် အိန္ဒိယနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နဲ့အတူ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်တဲ့ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုကို တင်ပြလိုပါတယ်။

**ပလတ်စတစ်ညစ်ညမ်းမှုဆိုသည်မှာ**

ယနေ့ကမ္ဘာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအများစုဟာ သဘာဝအကြောင်းတရားထက် လူတွေရဲ့လုပ်ဆောင်မှုတွေကြောင့် ဖြစ်ပွားနေရခြင်းဖြစ်ပြီး ကြုံတွေ့နေရတဲ့ အဓိကပြဿနာရပ်တွေထဲမှာ ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ယနေ့ခေတ်ရဲ့ လှုပ်လှုပ်ရှားရှား၊ သွားသွားလာလာ ဘဝလူနေမှုပုံစံများအရ လူသားတွေဟာ အချိုရည်ဘူး၊ သောက်ရေသန့်ဘူး၊ ကြွပ်ကြွပ်အိတ် စတာတွေ အပါအဝင် အလွယ်တကူသုံးစွဲ၊ စွန့်ပစ်နိုင်တဲ့ တစ်ခါသုံးပလတ်စတစ် ထုတ်ကုန်တွေကို ပိုမိုသုံးစွဲလာကြပါတယ်။ ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ် လူသုံးကုန်ပစ္စည်းတွေ၊ ပလတ်စတစ် ကလေးကစားစရာပစ္စည်းတွေနဲ့ တစ်ခါသုံးပလတ်စတစ် စွန့်ပစ်အမှိုက်တွေကို စာရေးသူတို့ ပတ်ဝန်းကျင်နေရာအနှံ့မှာ အလွယ်တကူ တွေ့မြင်နေရပါတယ်။ နေ့စဉ် စွန့်ပစ်တဲ့ အမှိုက်တွေမှာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေဟာ အများဆုံးဖြစ်လာပါတယ်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်ရဲ့ လေ့လာဆန်းစစ်မှု စစ်တမ်းများအရ "ယနေ့ကမ္ဘာမှာ တစ်နှစ်ကို ပလတ်စတစ်အိတ် ဘီလီယံ ၅၀၀ ခန့် နှစ်စဉ် အသုံးပြုလျက်ရှိကြောင်း၊ အသုံးပြုမှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဟာ တစ်ခါသုံးပလတ်စတစ်အိတ်တွေဖြစ်ကြောင်း၊ ပင်လယ်သမုဒ္ဒရာများအတွင်းကို နှစ်စဉ် ရောက်ရှိသွားတဲ့ ပလတ်စတစ်ပမာဏဟာ အနည်းဆုံး တန်ချိန် ရှစ်သန်းခန့် ရှိကြောင်း၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်း စွန့်ပစ်ပလတ်စတစ် ရောက်ရှိမှုကို ကမ္ဘာ့နိုင်ငံများအနေဖြင့် မထိန်းချုပ်နိုင်ဘူးဆိုရင် ၂၀၅၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် ပင်လယ်၊ သမုဒ္ဒရာများအတွင်း ရေနေသတ္တဝါမျိုးစိတ်ပမာဏများထက် ပလတ်စတစ်ပမာဏက ပိုမိုရှိနေလိမ့်မည်ဖြစ်ကြောင်း" သိရှိရပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာတာနဲ့အမျှ လူသားတွေ စွန့်ပစ်တဲ့ အမှိုက်ပမာဏလည်း ပိုမိုများပြားလာပြီး စုပုံများပြားလာတဲ့ ပလတ်စတစ်အမှိုက်တွေဟာ ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ပလတ်စတစ်အသုံးပြုမှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ကြုံတွေ့နေကြရပါတယ်။

**ပလတ်စတစ်ညစ်ညမ်းမှု၏ ဆိုးကျိုးများ**

ပလတ်စတစ်မှာ မြေထု၊ လေထု၊ ရေထု ညစ်ညမ်းမှုကို အဓိကဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ အန္တရာယ်ဖြစ်စေတဲ့ အဆိပ်အတောက်တွေ ပေါင်းစပ်ပါဝင်ပါတယ်။ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာရဲ့ အဓိကဇာစ်မြစ်ဟာ မြေကြီးထဲမှာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ခန့်အထိ မပျက်မစီးဘဲ တာရှည်ခံ တည်ရှိနေနိုင်တာကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံးပလတ်စတစ်အမှိုက်တွေကို မြေနိမ့်ပိုင်းဖြစ်တဲ့ တွင်းတွေ၊ ချိုင့်တွေအတွင်း စုပုံကာ ဖို့မြေအဖြစ် အသုံးပြုပါကလည်း မြေကြီးထဲရောက်ရှိသွားတဲ့ ပလတ်စတစ်အမှိုက်တွေဟာ နှစ်ပေါင်းများစွာ မပျက်မစီးဘဲ ရှိနေနိုင်တာကြောင့် မြေဆီလွှာပျက်စီးခြင်း၊ မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့၊ သစ်စေ့များ အညှောင့်မထွက်နိုင်တော့ဘဲ သေကျေပျက်စီးကြရတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်ခြင်းစတဲ့ ဆိုးကျိုးတွေကို ဖြစ်ပွားစေပါတယ်။ မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်းလင်းအောက်ဆိုက်နဲ့ ဒိုင်အောက်စင် ထွက်ရှိတဲ့အတွက် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေတဲ့အပြင် အငွေ့ကို ရှူရှိုက်မိတဲ့ လူတွေရဲ့ သွေးနဲ့ ဆီးတို့ထဲရောက်ရှိကာ ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါတယ်။ ဒါ့အပြင် ပလတ်စတစ်ပစ္စည်းတွေကို ထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ကော်စေ့ဟာ သဘာဝသယံဇာတဖြစ်တဲ့ ရေနံစိမ်းကနေ ထုတ်ယူတာဖြစ်တဲ့အတွက် ပလတ်စတစ်အိတ်တွေ၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေကို အလွယ်တကူ ပမာဏများပြားစွာ ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်နေခြင်းဟာ တစ်နည်းအားဖြင့် သဘာဝသယံဇာတကို ဖြုန်းတီးနေခြင်းပဲ ဖြစ်ပါတယ်။ ပိုမိုဆိုးရွားတဲ့ ဆိုးကျိုးကွင်းဆက်အနေနဲ့ မိုးရွာချတဲ့အခါ အဲဒီပလတ်စတစ်အမှိုက်တွေဟာ ရေမြောင်းတွေအတွင်း မျောပါသွားပြီး ရေထွက်ပေါက်တွေကို ပိတ်ဆို့စေတာကြောင့် ရေစီးရေလာမကောင်းဘဲ ရေကြီးရေလျှံခြင်းတွေ ဖြစ်ပေါ်စေပါတယ်။ တစ်ခါ ရေမြောင်းတွေ၊ မြစ်ချောင်းတွေကတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲကိုရောက်ရှိသွားကာ ကမ္ဘာ့ရေထုကို ညစ်ညမ်းစေတဲ့အပြင် ရေသတ္တဝါတွေရဲ့ နေထိုင်ကျက်စားတဲ့ ဂေဟစနစ်ကိုပါ ပျက်စီးစေကာ ရေသတ္တဝါများလည်း သေကျေပျက်စီးကြရပါတယ်။ ပြီးခဲ့တဲ့နှစ်များစွာက လူတွေ အသုံးပြုပြီး စွန့်ပစ်လိုက်တဲ့ ပလတ်စတစ်အမှိုက်တွေဟာ လက်ရှိအချိန်မှာ တဖြည်းဖြည်း ပမာဏများပြား ကြီးမားလာပြီး ပင်လယ်၊ သမုဒ္ဒရာများအတွင်း ရောက်ရှိစီးမျောနေကာ ရေသတ္တဝါတွေအတွက် ဘေးအန္တရာယ် ကြုံတွေ့နေရတဲ့အခြေအနေဖြစ်နေပြီ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် သုတေသနမှတ်တမ်းများအရ မက်ထရစ် တန်ချိန်ပေါင်း ၄ ဒသမ ၈ သန်းနဲ့ ၁၂ ဒသမ ၇ သန်းကြားခန့် ပမာဏရှိတဲ့ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေဟာ သမုဒ္ဒရာအတွင်း မျောပါလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ယခုဆိုလျှင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကို အခြားအမှိုက်တွေနဲ့အတူ ရောနှောစွန့်ပစ်ခြင်းကြောင့် အမှိုက်ပုံတွေမှာသာမက မြို့တွင်း၊ မြို့ပြင် လမ်းမဘေးမှာပါ တစ်ခါသုံး ပလတ်စတစ်အမှိုက်တွေ ရှုမြင်လို့ မကောင်းလောက်အောင် ပြန့်ကျဲနေပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရုံသာမက သဘာဝမြင်ကွင်း၊ ရှုခင်းတွေကိုပါ အကျည်းတန်စေကာ မြို့ရဲ့ အင်္ဂါရပ်ကိုပါ ထိခိုက်စေပါတယ်။ နိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပေါ် တစ်နည်းတစ်ဖုံအားဖြင့် ဆွဲဆောင်မှုလျော့ကျစေပြီး ကမ္ဘာ့နိုင်ငံများအကြား မိမိတို့နိုင်ငံရဲ့ ပုံရိပ်ကိုလည်း ထိခိုက်မှုမဖြစ်စေဖို့ အတွက် အလေးထားဂရုပြုဖြေရှင်းဖို့ လိုအပ်ပါတယ်။ တကယ်တော့ အမှိုက်ကင်းစင်တယ်ဆိုတာ အမှန်တကယ်ကို ဂုဏ်ယူစရာကောင်းပြီး ကမ္ဘာ့နိုင်ငံများအကြား နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ စည်းကမ်းကျနမြင့်မားခြင်းကိုပါ ဖော်ကျူးပြသနိုင်မှာ ဖြစ်ပါတယ်။

**ဖြေရှင်းရမည့်နည်းလမ်းများ**

ဗုဒ္ဓရဲ့အဆုံးအမဖြစ်တဲ့ "ရေကြောင့်ဖြစ်တဲ့ ရွှံ့ညွန်ကို ရေဖြင့်ပင် သန့်စင်ရသကဲ့သို့ စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်အညစ်အကြေးများကို စိတ်ဖြင့်ပင် သန့်စင်ဆေးကြောရ၏" ဆိုသကဲ့သို့ လူတွေကြောင့်ဖြစ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပျက်ယွင်းမှုကို လူတွေကပင် ပြန်လည်ကုစားကြရမှာ ဖြစ်ပါတယ်။ ကြွပ်ကြွပ်အိတ်အပါအဝင် တစ်ခါသုံးပလတ်စတစ်အိတ်၊ ပလတ်စတစ်ပစ္စည်းတွေဟာ ဈေးသက်သာတယ်၊ သုံးစွဲရလွယ်ကူတယ်၊ ပေါ့ပါးတယ်၊ အတိုင်းအတာတစ်ခုအထိ ခိုင်ခံ့တယ်၊ စွန့်ပစ်ရလွယ်ကူတယ်ဆိုပေမယ့် တစ်ဖက်မှာ ပတ်ဝန်းကျင်ညစ်ညမ်းစေတဲ့ အဓိကအကြောင်းအရင်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဆိုးကျိုးတွေကို ဖြေရှင်းနိုင်ဖို့ (၁) လျှော့သုံးမယ်၊ (၂) တစ်ခါသုံးမဟုတ်ဘဲ နောက်တစ်ခါ ပြန်လည်အသုံးပြုမယ်၊ (၃) ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည်ပြုပြင်သုံးစွဲမယ် စတဲ့ နည်းလမ်းတွေနဲ့ မိမိတို့ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတဲ့ "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြ" ဖို့ လိုပါတယ်။ တကယ်တော့ ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြဖို့ဆိုရင် မိမိတို့ နေ့စဉ် လူနေမှုဘဝရဲ့ အမူအကျင့်လေးတွေကို ပြောင်းလဲပစ်ဖို့လိုပါမယ်။ စာရေးသူတို့ရဲ့ နေ့စဉ် လူနေမှုဘဝမှာ တစ်ခါသုံး သောက်ရေသန့်ဘူး၊ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းတွေကို မသုံးဖို့၊ အတတ်နိုင်ဆုံး လျှော့ချသုံးစွဲဖို့၊ ပလတ်စတစ်အိတ်တွေအစား ကြာရှည်သုံးစွဲနိုင်တဲ့ အဝတ်အိတ်စတဲ့ အိတ်တွေကို ပိုမိုထုတ်လုပ်သုံးစွဲဖို့၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေကို ပလတ်စတစ်ဘူးတွေနဲ့ ထုတ်လုပ်မယ့်အစား စက္ကူဘူးတွေနဲ့ ပြောင်းလဲထုတ်လုပ်သုံးစွဲကြဖို့၊ ပြန်လည်အသုံးပြုနိုင်တဲ့ ဖန်ပုလင်း၊ ဖန်ခွက်တွေကို သုံးဖို့၊ ဈေးဝယ်သွားရင် မိမိအိမ်က ထည့်စရာ အိတ်၊ ခြင်းတောင်းစတာတွေကို ယူဆောင်သွားခြင်းဖြင့် တစ်ခုချင်းစီတိုင်းအတွက် ပလတ်စတစ်အိတ် တစ်အိတ်စီ သုံးစွဲမှုကို ရှောင်ကြဉ်ကြဖို့၊ တစ်ခါသုံး ပလတ်စတစ်မီးသီး၊ မီးချောင်းတွေကို လျှော့သုံးကြဖို့၊ ပလတ်စတစ် ရေခွက်၊ ပလတ်စတစ် ဇွန်း၊ ပလတ်စတစ် ခက်ရင်း၊ ပလတ်စတစ် ဓား စတဲ့မီးဖိုချောင်သုံး ပလတ်စတစ်ပစ္စည်းတွေအသုံးပြုမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖို့၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေကို အသုံးပြုမယ့်အစား အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်တဲ့ ထမင်းချိုင့်၊ ထမင်းဘူး၊ မုန့်ဘူး စတာတွေကို သုံးဖို့၊ ပလတ်စတစ်စွန့်ပစ်အမှိုက်တွေကို စနစ်ကျတဲ့ နည်းလမ်းတွေနဲ့ ခွဲခြားစွန့်ပစ်ဖို့ စတဲ့နည်းလမ်းတွေကို အသုံးပြုပြီး ပလတ်စတစ်ညစ်ညမ်းမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။

**အားလုံးအလေးထားပူးပေါင်းတိုက်ဖျက်ရန်လို**

တကယ်တော့ အစိုးရတွေ၊ စက်မှုလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကမ္ဘာသူကမ္ဘာသားအားလုံးအနေနဲ့ မိမိတို့ရဲ့ပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းလိုစိတ်ရှိပြီး တစ်ခါသုံးပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုကို ဂရုပြုလျှော့ချကြဖို့ လိုအပ်လှပါတယ်။ သုံးစွဲသူတွေရော ထုတ်လုပ်သူတွေပါ တစ်ဦးချင်း တစ်ယောက်ချင်းစီ ပတ်ဝန်းကျင်အသိ၊ ပတ်ဝန်းကျင်သတိရှိကြပြီး တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုတွေကို ထိရောက်စွာ လျှော့ချကြခြင်းဖြင့်လည်းကောင်း၊ အစိုးရများဘက်ကလည်း အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံတွေ ကျင့်သုံးနေသလို အခွန်ကောက်ခံခြင်း၊ စည်းမျဉ်း၊ စည်းကမ်းများချမှတ်ပြီး တားမြစ်ပိတ်ပင်ခြင်းတို့ဖြင့်လည်းကောင်း ပလတ်စတစ်ညစ်ညမ်းမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုဟာ သဘာဝရှုမြင်ကွင်းတွေကို အရုပ်ဆိုး အကျည်းတန်စေပြီး ကမ်းခြေနဲ့ သမုဒ္ဒရာတွေကို ဖျက်ဆီးတဲ့အပြင် ရေသတ္တဝါတွေကို အန္တရာယ်ဖြစ်စေပါတယ်။ စားသုံးနေတဲ့ အစားအစာများထဲအထိ ဝင်ရောက်နိုင်တဲ့အတွက် တစ်ခါသုံး ပလတ်စတစ်ညစ်ညမ်းမှုဟာ စာရေးသူတို့လူသားအားလုံးရဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးတကြီး ပူးပေါင်းဖြေရှင်းရမယ့် ကိစ္စရပ်တစ်ခု ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များ**

မိမိတို့နိုင်ငံအနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ရဲ့ နည်းပညာ အကူအညီဖြင့် အခြားဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များဖြင့်ပူးပေါင်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတတဲ့ မြန်မာ့ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားနိုင်ဖို့ မျှော်မှန်းပြီး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(၂၀၁၇-၂၀၃၀)ကို ရေးဆွဲထားပြီး ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

> သုံးစွဲသူတွေရော ထုတ်လုပ်သူတွေပါ တစ်ဦးချင်း တစ်ယောက်ချင်းစီ ပတ်ဝန်းကျင်အသိ၊ ပတ်ဝန်းကျင်သတိရှိကြပြီး တစ်ခါသုံးပလတ်စတစ် ထုတ်လုပ်မှု၊ သုံးစွဲမှုတွေကို ထိရောက်စွာ လျှော့ချကြခြင်းဖြင့်လည်းကောင်း၊ အစိုးရများဘက်ကလည်း အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံတွေ ကျင့်သုံးနေသလို အခွန်ကောက်ခံခြင်း၊ စည်းမျဉ်း၊ စည်းကမ်းများချမှတ်ပြီး တားမြစ်ပိတ်ပင်ခြင်းတို့ဖြင့်လည်းကောင်း ပလတ်စတစ်ညစ်ညမ်းမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။

# ဧည့်လမ်းညွှန်များ အရည်အချင်းပြည့်စုံမှသာ ခရီးသွားကဏ္ဍဖွံ့ဖြိုးမှု အထောက်အကူပြုနိုင်

**မန္တလေး ဇွန် ၄**
ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် Master Plan တွင် ထည့်သွင်းရေးဆွဲထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည့် ဧည့်လမ်းညွှန်များသည် ဘာသာစကားစွမ်းရည်၊ အသိပညာ ဗဟုသုတနှင့် စိတ်အားထက်သန်မှုတို့ ပြည့်စုံမှသာ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်၍ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"ခရီးသွားကဏ္ဍအောင်မြင်ဖို့အတွက် ခရီးသွားကဏ္ဍမှာ ပါဝင်တဲ့အဖွဲ့တွေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ခေတ်ပြိုင်ခရီးသွားကဏ္ဍရဲ့ သဘောတရားကလည်း ခရီးသွားနဲ့ အောင်မြင်နေတဲ့ နိုင်ငံတွေဟာဆိုရင် အမြဲတမ်းချိတ်ဆက်နေတယ်၊ ဒါကြောင့် သူတို့ဆီမှာတောင် ဧည့်လမ်းညွှန်တွေ အရည်အချင်းပြည့်မီအောင် ဖြည့်ဆည်းပေးနေတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ တန်းတူဖြစ်အောင် အစိတ်အပိုင်းတစ်ခုအနေနဲ့ သင်တန်းတွေ ဖွင့်လှစ်ပေးနေပါတယ်" ဟု ၎င်းက ပြောသည်။



**အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်တွင် လာရောက်လေ့လာနေကြသည့် နိုင်ငံတကာခရီးသွားများကို တွေ့ရစဉ်။**

လက်ရှိ မန္တလေးမြို့သို့ ခရီးသွားဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ခရီးသွားပိုမိုဝင်ရောက်လျက်ရှိသော်လည်း လက်ရှိအနေအထားကို တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်၍ အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့တွင် ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်သူ ၃၀၀ ကျော်ရှိပြီး ၎င်းတို့အနက် တိုးဂိုက်နှင့် ဒေသခံဂိုက်ဟူ၍ နှစ်မျိုးရှိ၍ ဧည့်လမ်းညွှန်သည် တိုင်းပြည်၏ပုံရိပ်ကို ဖော်ပြပေးနေသူများဖြစ်သည်။

"ဧည့်လမ်းညွှန်ကောင်းတစ်ယောက်ဆိုတာ စာတွေ့ပဲ သိနေလို့ မရဘူး၊ လက်တွေ့မှာဧည့်သည်ကျေနပ်မှုရအောင် ဝန်ဆောင်မှုကောင်းရမယ်၊ နိုင်ငံတကာခရီးသွားတွေ ဝင်ရောက်လာတယ်ဆိုရင် လေ့လာသင်ယူစရာတွေ မှတ်သွားနိုင်တယ်ဆိုရင် ဝမ်းသာရတယ်၊ အစားအသောက်၊ ကျန်းမာရေးကအစ ဂရုစိုက်ပေးပြီး ဧည့်ဝတ်ကျေပွန်ဖို့ လိုပါတယ်၊ ဒါကြောင့် ဧည့်သည်အဝင်နည်းပါးတဲ့ရာသီမှာ ဧည့်လမ်းညွှန်တွေကို နှစ်စဉ်နှစ်တိုင်း ပညာရေးတစ်ခုအနေနဲ့ သင်တန်းတွေလုပ်သွားချင်ပါတယ်"ဟု မန္တလေးဧည့်လမ်းညွှန်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ယုဆွေက ပြောသည်။

လက်ရှိမန္တလေးမြို့တွင် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများနှင့် ဧည့်လမ်းညွှန်များကို မန္တလေး ဧည့်လမ်းညွှန်အသင်းမှ အင်္ဂလိပ်၊ ဂျပန်၊ ဂျာမန်၊ ပြင်သစ်၊ တရုတ်နှင့် ထိုင်းစသည့် ဘာသာစကားသင်တန်းကို ဇွန် ၄ ရက်မှစ၍ ဩဂုတ် ၄ ရက်အထိ တစ်ပတ်လျှင် သုံးရက် သင်ကြားပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၅၀ ကျော်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဖြူးချောင်းတမံ လက်တံခွဲမြောင်းခြောက်ခု တည်ဆောက်နိုင်မှုကြောင့် နွေစပါးများ ယခင်နှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်




**ဖြူး ဇွန် ၄**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းမှ လက်တံခွဲမြောင်း ခြောက်ခုကို ဧပြီလမှ စက်တင်ဘာလအတွင်း အသစ်တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သဖြင့် ယခင်နှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းနှင့် ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းများမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းသာ ပြီးစီးသေးကြောင်းသိရသည်။

၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စနစ်တကျ ဆည်ရေသောက်မြောင်းများဖြင့် နွေစပါးဧက ၁၈၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူများ၏ တင်ပြချက်အရ ဆောင်ရွက်ပေးခဲ့သော ဆည်ရေချောင်းပိတ်စနစ်ဖြင့် ဧက ၃၆၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်းနွေစပါးဧက ၅၄၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ မတ်ပဲဈေးကွက်ပျက်ပြီး တစ်တင်းကို ငွေကျပ် ၁၂၀၀၀ ဈေးနဲ့ပဲရောင်းခဲ့ရလို့ မတ်ပဲစိုက်တောင်သူတွေအရှုံးပေါ်ခဲ့ကြတယ်၊ မတ်ပဲ တစ်တင်းကို အနည်းဆုံးငွေကျပ် ၂၀၀၀၀ ဈေးလောက်မှ မရရင် စိုက်ပျိုးစရိတ်မကိုက်ဘူး၊ ဒါ့ကြောင့် မြို့နယ်စိုက်ပျိုးရေးဌာနကလည်း မတ်ပဲအစားထိုးသီးနှံစိုက်ပျိုးကြဖို့ ပညာပေးနေတယ်၊ ရေရမယ့်နေရာဆိုနွေစပါးစိုက်ကြဖို့ တိုက်တွန်းထားတယ်၊ ကျွန်တော်တို့ ပေါက်ဇလုပ်အုပ်စုမှာ ဆည်ရေရလို့ နွေစပါးစိုက်ပျိုးခဲ့တယ်၊ နွေစပါးက တစ်ဧကကို ပျမ်းမျှ တင်း ၁၀၀ လောက် ထွက်ပြီး ငွေကျပ် ၅၅၀၀၀၀ ဈေးလောက်ရောင်းရတော့ တောင်သူတွေ တော်တော်တွက်ခြေကိုက်ကြလို့ လာမယ့်နှစ်တွေမှာ လူတိုင်းလိုလိုက နွေစပါးစိုက်ချင်နေကြပြီ"ဟု တောင်သူ ဦးမြင့်ရွှေက ရှင်းပြသည်။

ဧပြီလမှ စက်တင်ဘာလ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေမှ ဖြူးချောင်းဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၃၀၀ ခွင့်ပြုခဲ့သဖြင့် တောင်သူများအား ချက်ချင်းအကျိုးပြုနိုင်မည့် လက်တံခွဲမြောင်း ခြောက်ခုကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၁)မှ စက်ယန္တရားအစီး ၄၀ နှင့် လုပ်သားအင်အား ၄၀၀ ခန့်ဖြင့် တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ခြင်းကြောင့် လာမည့်နှစ်တွင် နွေစပါးဧက ၃၀၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကာ စုစုပေါင်းနွေစပါး ဧက ၈၄၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တောင်သူများအတွက် များစွာအထောက်အကူပြုနိုင်မည့် ဖြူးချောင်းဆည်ရေသောက် စနစ်များကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက ဧက ၉၀၀၀၀ အား ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး လာမည့်နှစ်များတွင် ရန်ပုံငွေဆက်လက်ခွဲဝေချထားပေးပါမှ နှစ်များမကြာမီ တောင်သူများ၏လိုအင်ဆန္ဒများ ပြည့်ဝနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

❂ စာမျက်နှာ ၆ မှ
မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၃၀) ဟာ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ရေရှည်စီမံခန့်ခွဲနိုင်မယ့် လမ်းပြမြေပုံပဲ ဖြစ်ပါတယ်။

ဒီမဟာဗျူဟာနဲ့ လုပ်ငန်းအစီအစဉ်အရ ထိရောက်တဲ့ အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေတဲ့ စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း(3R)ဖြင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေမယ့် ရန်ပုံငွေထားရှိစေရန်၊ စွမ်းဆောင်ရည်နဲ့ အသိပညာမြှင့်တင်ရန်၊ သတ်မှတ်ချက်များနဲ့အညီ စောင့်ကြည့်စစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်စေရန် စတဲ့ ပန်းတိုင်များရရှိအောင် အမျိုးသားအဆင့်မှသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်ဆင့်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်**

နှစ်အလိုက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးပြဿနာရပ်တွေကို ဖြေရှင်းနိုင်ဖို့၊ ကမ္ဘာ့နိုင်ငံတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ သိရှိအလေးထား ဆောင်ရွက်နိုင်ဖို့အတွက် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှု ကင်းစင်ရေးနဲ့ သန့်ရှင်းတဲ့ပတ်ဝန်းကျင် တည်ဆောက်နိုင်ဖို့ ဒီနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ကတော့ **"ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ - Beat Plastic Pollution"** ဖြစ်ပါတယ်။ အဓိကအားဖြင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းသုံးစွဲမှုတွေကို လျှော့ချခြင်းဖြင့် "ပလတ်စတစ်ညစ်ညမ်းမှုကို ဖယ်ရှားတိုက်ဖျက်ကြစို့" ဆိုတဲ့ အကြောင်းအရာကို ထင်ဟပ်စေလိုခြင်း ဖြစ်ပါတယ်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းတွေ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချဖို့၊ ရေရှည်စဉ်ဆက်မပြတ်တဲ့ အခြားနည်းလမ်းတွေနဲ့ ပလတ်စတစ်အစားထိုးပစ္စည်းတွေ ရှာဖွေဖော်ထုတ်ခြင်းတွေကို အတူတကွပူးပေါင်းဆောင်ရွက်ကြဖို့၊ ကမ္ဘာ့နိုင်ငံတွေမှာ တစ်ခါသုံးပလတ်စတစ်အိတ် ညစ်ညမ်းမှုကို ဝိုင်းဝန်းတွန်းလှန် တိုက်ဖျက်ကြဖို့ အစိုးရတွေ၊ စက်မှုလုပ်ငန်းရှင်တွေအပါအဝင် ကမ္ဘာ့နိုင်ငံသားအားလုံး တစ်ဦးချင်း တစ်ယောက်ချင်းစီကို တိုက်တွန်းလိုတဲ့ အဓိကရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒါကြောင့် တစ်ဦးချင်း တစ်ယောက်ချင်းစီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် "ကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်အမွေအနှစ်"ကို ကျွန်ုပ်တို့ရဲ့ အနာဂတ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနိုင်ဖို့အတွက် "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ခြင်း"၊ တစ်ခါသုံးပလတ်စတစ်ညစ်ညမ်းမှုကို အားလုံးကာကွယ်ခြင်းဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို စိမ်းလန်းကျန်းမာ သာယာဝပြောသော ကမ္ဘာကြီးအဖြစ်သို့ အားလုံးဝိုင်းဝန်းထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**ကိုးကား-**

(၁) www.wikipedia.com
(၂) vietnamnews.vn (21.4.2018)
(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေး (ဝန်ထမ်းလက်စွဲ)
(၄) ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ် ဇွန်လထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ၏ ခေါင်းကြီးပိုင်းများ

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆွေးနွေး

**လယ်ဝေး ဇွန် ၄**
လယ်ဝေးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့် နှစ်ပတ်လည် သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာ ဆုချီးမြှင့်ပွဲကို မေလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၄-၆-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)တွင် ဖော်ပြသော "တည်ကြည်မောင်၏ နိုင်ငံ့စီးပွားစွမ်းအား မြင့်မားရေး" ဆောင်းပါး နောက်ဆုံးစာပိုဒ်နှင့် ကောက်စာပါ အင်္ဂလိပ်စာကို "LCD" အစား "LDC" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# ရာဇဝတ်အထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ငါးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြောက်ဦးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဇွန် ၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ ဒစ်ဂျစ်တယ်နစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မေ ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်တွင် လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီး၍ လွှင့်အား ၃၀၀ W၊ လိုင်းနံပါတ်ချန်နယ် E-32 ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများကို စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဦးမြို့ပေါ် ရပ်ကွက်(၇)၊ ဝေသာလီ၊ လေညှင်းတောင်၊ မြက်ရိတ်ကျွန်း၊ မြောင်ဘွေ၊ ရှင်ရေ၊ နန်းတက်၊ တောဘွယ်၊ လေညှင်းသာ၊ ကင်းချောင်းကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိသည်။

**သတင်းစဉ်**

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၄**

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ ဇွန် ၂၀ ရက်မှ ၂၃ ရက်ထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာ ကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၂၉ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၁၅ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ပုံစံများကို မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူပြုဖြစ်စေရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၄**

နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယို အဆောက်အအုံနှင့် သင်တန်းကျောင်းများပါဝင်သည့် ရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန်နှင့် ရုပ်ရှင်ကိုအခြေခံသော Entertainment City ပုံစံတစ်စိတ်တစ်ပိုင်း ဖြစ်ပေါ်လာစေရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူဖြစ်စေရန်နှင့် နေပြည်တော် စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ခေတ်မီရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ရုပ်ရှင်အတတ်ပညာဖြင့် ပိုမိုစိတ်ဝင်စားအောင် ရိုက်ကူးတင်ဆက်မှုဖြင့် မြန်မာ့အကြောင်း မြန်မာတို့ ပိုမိုသိရှိပြီး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားလိုစိတ်များ ဖြစ်ပေါ်စေလိုပါကြောင်း။

ယင်းရုပ်ရှင်ဇာတ်ကားများတွင် အင်္ဂလိပ်ဘာသာဖြင့် စာတန်းထိုးတင်ဆက်ခြင်းဖြင့် မြန်မာ့အကြောင်း ကမ္ဘာက သိရှိစေရန်နှင့် တစ်ဆက်တည်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ပုံရိပ်လည်း တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် မည်သည့်အခန်းကဏ္ဍမှ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်သင့်သည်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရုပ်ရှင်ဆိုသည်မှာ မီဒီယာ ပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုမြှင့်တင်ရေး၊ ဖျော်ဖြေရေးနှင့် အနုပညာရှင်များ၏ စားဝတ်နေရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက နိုင်ငံတော်၏မူဝါဒနှင့်အညီ ဥပဒေအရ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနည်းလမ်းများ၊ နိုင်ငံတော်က ထောက်ပံ့ကူညီပေးရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူက မြေနေရာရရှိရေးအတွက် ဆောင်ရွက်ပေးမည့် အခြေအနေနှင့် ရုပ်ရှင်စတူဒီယိုဆောက်လုပ်ရန် လျာထားသည့်မြေနေရာ လျာထားမှုတို့ကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီအေးက ရင်းနှီးမြှုပ်နှံမှုစာချုပ်ချုပ်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က မာတိကာနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အဆောက်အဦများဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဗိသုကာ) ဒေါ်အယ်လ်နန်အိန်က အဆောက်အဦပိုင်းနှင့်ပတ်သက်၍ အကြံပြု အကဲဖြတ်ပေးသွားမည့် အခြေအနေကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက နေပြည်တော်တွင် Entertainment Zone တစ်ခု ဖြစ်ပေါ်လာရေးအတွက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လက်ရှိဆောင်ရွက်နေမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




# နယ်စပ်ရေးရာဝန်ကြီးဌာနက တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ ခေတ္တတိမ်းရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေလုံခြုံရေး အခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၁၅၀ အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဖားကန့်မြို့နယ် လဝါးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၂၆၄၆၄၉၀ တန်ဖိုးရှိ ရိက္ခာတစ်လစာ၊ ဆန် ၅၄ အိတ်၊ ဆီ ၉၃ ပိဿာ၊ ကုလားပဲ ၁၃၉ ပိဿာ၊ ဆား ၂၃ ပိဿာတို့ကို ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင် မိသားစုဝင် ၂၆၀၁ ဦး အတွက် ဆန် ၁၀၁၉ အိတ်၊ ဆီ ၁၆၂၂ ပိဿာ၊ ကုလားပဲ ၁၆၀၇ ပိဿာ၊ ဆား ၅၀၇ ပိဿာ၊ စောင် ၁၆၂ ထည်၊ ခြင်ထောင် ၈၂ လုံး တို့ကို ဖားကန့်မြို့နယ် မံဝယ်ကျေးရွာနှင့် လဝါးကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ် ရှငေါ်ကျေးရွာများတွင် နယ်မြေခံတပ်မတော်နှင့် ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကလေးသူငယ်များအတွက် အာဟာရဖြည့်စွက်စာများ ထပ်မံပေးပို့ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကုမ္ပဏီများနှင့် တင်ဒါစတင်ခေါ်ယူသည်မှ စာချုပ်လက်မှတ်ရေးထိုးနိုင်သည့်အဆင့် ရောက်ရှိအောင် ဆောင်ရွက်ခဲ့သည်ကို မေးမြန်းဆွေးနွေး

**နေပြည်တော် ဇွန် ၄**

ဇွန် ၄ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က **ကန်ပေါက်ဒေသတွင် ဆောင်ရွက်မည့်စီမံကိန်းကို Total Gas & Power Business Service S.A.S နှင့် SIEMENS A.G နှင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို Zhefu Holding Co.,Ltd. နှင့် Supreme Trading Co.,Ltd. နှင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို TTCL Public Company Limited နှင့် လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင်ဆောင်ရွက်မည့် စီမံကိန်းကို Sinohydro Coporation Limited နှင့် Supreme Trading Co.Ltd. နှင့် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာသိရှိရပါသဖြင့် ယင်းကုမ္ပဏီများနှင့် စာချုပ်လက်မှတ်ရေးထိုးနိုင်သည့် အဆင့်ရောက်ရှိအောင် တင်ဒါစတင်ခေါ်ယူသည်မှစတင်၍ မည်သို့သော အဆင့်များကို ပွင့်လင်းမြင်သာစွာနှင့် ဆောင်ရွက်ခဲ့သည်ကို သိလိုကြောင်း** မေးမြန်းရာ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်**က တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက် LNG to Power စီမံကိန်းကို Total Gas & Power Business Service S.A.S နှင့် SIEMENS A.G တို့က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မီးလောင်ကျိုင် LNG to Power စီမံကိန်းကို Zhefu Holding Co., Ltd. နှင့် Supreme Trading Co.,Ltd. တို့က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံ LNG to Power စီမံကိန်းကို TTCL Public Company Limited ကလည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူ CCGT စီမံကိန်းကို Sinohydro Corporation Limited နှင့် Supreme Trading Co.,Ltd. တို့က လည်းကောင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် Notice to Proceed (NTP) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ထုတ်ပေးခဲ့ပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူက ၎င်း၏အစီအစဉ်ဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြသည့် Unsolicited Project များကို နိုင်ငံတော်နှင့် တိုင်းဒေသကြီး/



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းနိုင်မှုအပေါ် မူတည်ပြီး တင်ဒါလုပ်ငန်းစဉ် မလိုအပ်ဘဲ စိစစ်ခွင့်ပြုဆောင်ရွက်ရန် ၂၀၁၇ခုနှစ် ဇွန် ၁၁ ရက်တွင် ကျင်းပခဲ့သည့် စီးပွားရေးရာကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မူဝါဒများထုတ်ပြန်ထားပါကြောင်း။

လျှပ်စစ်ဥပဒေပုဒ်မ ၁၂ အရ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ခွင့်ပြုမိန့် ထုတ်ပေးနိုင်ပါကြောင်း၊ လျှပ်စစ်နည်းဥပဒေ အပိုဒ် ၁၅ အရ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ခွင့်ပြုမိန့်လျှောက်ထားခြင်းမပြုမီ ဆောင်ရွက်ရန်လိုအပ်သော အကြီးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုပြုလုပ်ရန် ခွင့်ပြုနိုင်ပါကြောင်း၊ လျှပ်စစ်နည်းဥပဒေအပိုဒ် ၃၃ အရ အထူးရည်ရွယ်ချက်ဖြင့် ခွင့်ပြုသော လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း ခွင့်ပြုမိန့်အား အများပြည်သူအကျိုးစီးပွားကို မြှင့်တင်ပေးမည့် အထူးစီမံကိန်းများဆိုင်ရာလုပ်ငန်းများအတွက် ခွင့်ပြုနိုင်ပါကြောင်း။

စီမံကိန်းများအတွက် နိုင်ငံတကာဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်၊ အင်ဂျင်နီယာပညာနှင့် ဒီဇိုင်းရေးဆွဲမှု၊ ESIA လေ့လာမှုများ၊ LNG တင်သွင်းမည့် အစီအစဉ်များကို ကုမ္ပဏီများက စတင်ဆောင်ရွက်နိုင်ရန် NTP စာကို ဌာနမှထုတ်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီကလည်း လက်ခံရရှိကြောင်းကို လက်မှတ်ရေးထိုးပေးကြခြင်းဖြစ်ပါကြောင်း၊ လိုအပ်သည့်လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှသာလျှင် ပြည်သူများအတွက် ရေရှည်အကျိုးရှိပြီး ထိရောက်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းစာချုပ်များကို ချုပ်ဆိုသွားရမည်ဖြစ်ပါကြောင်း။

စီမံကိန်း လေးခုစလုံးသည် နိုင်ငံတော်ဘတ်ဂျက်သုံးစွဲပြီး ဌာနမှဆောင်ရွက်သည့် စီမံကိန်းများ မဟုတ်ပါကြောင်း၊ ၁၀၀ ရာခိုင်နှုန်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံငွေဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုလာသည့် Unsolicited Project များဖြစ်သောကြောင့် တင်ဒါလုပ်ငန်းစဉ် မလိုအပ်ဘဲ PPP စီမံကိန်းများအတွက် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒနှင့်အညီ စိစစ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ လျှပ်စစ် ဥပဒေပုဒ်မ ၁၂၊ လျှပ်စစ်နည်းဥပဒေ အပိုဒ် ၁၅ နှင့် ၃၃ တို့အရ ခွင့်ပြုနိုင်သည့် စီမံကိန်းလုပ်ငန်းများလည်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

**အေးအေးသန့်**

**✻ ကျောဖုံးမှ**

စုစုပေါင်းလမ်းအရှည် ၂၈ မိုင်ရှိပြီး နယ်မြေခွဲဝေသတ်မှတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနအပိုင်နယ်မြေ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို အဆင့်မြှင့်တင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအရှည် ၁၄ မိုင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ကျန် ၁၄ မိုင်ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လည်းကောင်း ၂၄ ပေအကျယ် မြေသားလမ်း ဖောက်လုပ်ပေးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းစီမံချက်ရေးဆွဲပေးပို့ထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ ရေးဆွဲထားသော လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသည့် ဘဏ္ဍာနှစ်များထက် ပိုမိုစောနိုင်သမျှစော၍ ရန်ပုံငွေထည့်သွင်းလျာထားပေးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြို့မဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ပျံကျဈေးရုံများ တည်ဆောက်ပေးခြင်းလုပ်ငန်းပါဝင်မည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် ကပ်နေသည့် စိန်ပန်းလမ်းနှင့် ကံ့ကော်ရပ်ကွက် လမ်းမကြီးပေါ်တွင် ကျူးကျော်၍ ဆောက်လုပ်တည်ခင်းရောင်းချနေသည့် ဆိုင်ခန်းပေါင်း ၄၀ ခန့်နှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားပြီး ကျိုက်ထိုမြို့၏ မူလဈေးဟောင်း မြို့မဈေးနှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ကျိုက်ထိုမြို့၏ မူလဈေးဟောင်းဖြစ်သော မြို့မဈေးအား ဈေးအင်္ဂါရပ်နှင့်အညီ ပြန်လည်စည်ကားစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့မဈေးအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ဘတ်ဂျက်ငွေကျပ်သန်း ၅၀၀ ထည့်သွင်းလျာထားခဲ့ပြီး မူလဈေးဟောင်း မြို့မဈေးကြီးအား ဘက်စုံအဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါ မြို့မဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ပျံကျဈေးရုံများ တည်ဆောက်ပေးခြင်းလုပ်ငန်းပါဝင်မည်ဖြစ်ပြီး ကံ့ကော်ရပ်ကွက် စိန်ပန်းလမ်းရှိ ပျံကျဈေးသည်များအား မြို့မဈေးကြီးအတွင်းရှိ ပျံကျဈေးရုံများတွင် ဈေးရောင်းချနိုင်ရေး နေရာချထားပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကံ့ကော်ရပ်ကွက် စိန်ပန်းလမ်းရှိ လမ်းမကြီးပေါ်တွင် ကျူးကျော်ဆောက်လုပ်ရောင်းချနေသော ပျံကျဈေးဆိုင်ခန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျိုက်ထိုမြို့ မြို့မဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက မူလလမ်းမကြီးမှ ဖယ်ရှားရှင်းလင်း၍ မြို့မဈေးကြီးအတွင်းသို့ ရွှေ့ပြောင်းနေရာချထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြ၍ ယင်းနည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့သည့် အမြင်အာရုံချို့တဲ့သူ ငါးဦးမှ ကျောင်းသူတစ်ဦး အောင်မြင်

**မန္တလေး ဇွန် ၄**

အမြင်အာရုံချို့တဲ့သူများ ဘဝအာမခံချက်ရှိစေရေး အတန်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေသည့် စစ်ကိုင်းမြို့ မျက်မမြင်သင်တန်းကျောင်းမှ အထက်တန်းပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် စစ်ကိုင်းမြို့ အထက(၂)တွင် သွားရောက်ပညာသင်ယူရပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား လေးဦး၊ ကျောင်းသူ တစ်ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

"စစ်ကိုင်းမျက်မမြင်ကျောင်းကနေ အထက်တန်းပညာ သင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေကို စစ်ကိုင်းမြို့ အထက(၂)မှာ ပညာသင်ကြားစေပါတယ်၊ တစ်နေ့တာသင်ကြားခဲ့ရတဲ့စာတွေကို ညနေပိုင်းမှာ မျက်မမြင်ကျောင်းက ဆရာ ဆရာမတွေက ပြန်လည်လေ့ကျင့်ကျက်မှတ်စေပါတယ်၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ငါးဦး ဝင်ရောက်ဖြေဆိုခဲ့ပါတယ်၊ အောင်မြင်ခဲ့တာကတော့ ကျောင်းသူ မနှင်းဝေဖြိုးပဲဖြစ်ပါတယ်၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စစ်ကိုင်းမျက်မမြင်ကျောင်းက တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူ ၃၃ ဦးရှိခဲ့ပြီး ၁၄ ဦး အောင်မြင်ထားပါတယ်၊ လာမယ့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာတော့ လောလောဆယ် စစ်ကိုင်းမျက်မမြင်ကျောင်းက နှစ်ဦး ဝင်ရောက်ဖြေဆိုဖို့ရှိပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီထွန်းက ပြောသည်။

စစ်ကိုင်းမျက်မမြင်ကျောင်းတွင် KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၄၅ ဦးကို အတန်းပညာရေး နှင့် သက်မွေးပညာရပ်များပါ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဝဝ၂**

# သစ်အပြည့်တင်လာသော မော်တော်ယာဉ်ငါးစီး မဟာမြိုင်တောအတွင်း ဖမ်းမိ

**မုံရွာ ဇွန် ၄**

ဒေသခံကျေးရွာသားများ၏ သတင်းပေးချက်အရ သစ်များအပြည့်တင်ဆောင်ထားသည့် မော်တော်ယာဉ်ငါးစီးကို စစ်ကိုင်းတိုင်းဒေသကြီး မဟာမြိုင်တောအတွင်း ဇွန် ၃ ရက် နံနက် ၁၁ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးထံမှ သိရသည်။

"သတင်းရရချင်း ကလေးမြို့နယ်ထွေ/အုပ်ရယ်၊ ကလေးဝမြို့နယ်သစ်တောဦးစီးရယ်၊ နောက်တာဝန်ရှိသူတစ်ဦးရယ် သွားကြတာ၊ သွားတာက သုံးယောက်တည်းဆိုတော့ ဘာမှလုပ်မရဘူး၊ သစ်သယ်လာတဲ့ကားကလူတွေ ထွက်ပြေးသွားကြတယ်၊ လက်ရှိကတော့ လူတွေဖမ်းမိဖို့ အပူတပြင်းရှာဖွေတာတွေ လုပ်နေပါတယ်" ဟု ဦးသန်းစိုးက ပြောသည်။

မဟာမြိုင်သစ်တောကြီးအတွင်း ကလေးဝမြို့နယ် ယုဇလယ်-အင်ဒုတ်လမ်းပေါ်တွင် သွားလာ၍မရအောင် လမ်းပိတ်ဆို့ခြင်း၊ လမ်းပျက်ခြင်းများဖြစ်အောင်ပြု၍



သစ်များခိုးယူနေကြောင်း ကျေးရွာသားများ၏ သတင်းပို့တိုင်ကြားချက်အရ ကလေးဝမြို့နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သောအဖွဲ့ သွားရောက်ရာ သစ်အပြည့်တင်ဆောင်ထားသော မော်တော်ယာဉ်များကို ဖမ်းဆီးရမိကြောင်း သိရသည်။

သစ်ခိုးထုတ်သူများမှာ လွတ်မြောက်လျက်ရှိပြီး မြို့နယ်သစ်တောနှင့် ရဲတပ်ဖွဲ့တို့က အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဝိုင်းမော်မြို့တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် ည ၁၀ နာရီက ဝိုင်းမော်မြို့ အမှတ်(၁)ရပ်ကွက် ဝိုင်းမော်-ဝါရှောင်သွားကားလမ်း ရှရီဇိုင်ဝါးစားသောက်ဆိုင်အနီး၌ မဘောက်ဆိုင်းနှင့် မထုတို့အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၀ (ဘိန်းဖြူအလေးချိန် ဂရမ် ၂၀၀)နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ည ၁၀ နာရီခွဲက ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက် ခါတန်ရပ်နေ အိုက်တွမ့်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မဘောက်ဆိုင်း(၅၀)နှစ်၊ မထု(၃၅)နှစ်နှင့် အိုက်တွမ့်(၄၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေးနှင့် ပြည်သူအကျိုးပြုစိုက်ခင်းများ ရှင်သန်အောင်မြင်စေရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇွန် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ချောင်းဦးမြို့နယ်အတွင်းရှိ တောင်တန်းစိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ မုံရွာမြို့နယ် ဗောဓိတစ်ထောင်စိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ပြည်သူအကျိုးပြု ထင်းစိုက်ခင်း၊ စစ်ကိုင်းမြို့နယ် မင်းဝံတောင်တန်းရှိ ဗက်တီဗာမြက် စမ်းသပ်စိုက်ခင်း၊ မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းသစ်ဆိပ်တို့အား ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ်သို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကျောက္ကာ-ရွှေမြင်တင် အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်ထားရှိသည့် တောင်တန်းစိုက်ခင်း ဧက ၁၀၀ ၏ စိုက်ပျိုးပြီးစီးမှု၊ စိုက်ခင်းဟောင်းများ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကို စိုက်ခင်းတာဝန်ခံကတင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးသည့် သစ်မျိုးအလိုက် ရှင်သန်ကြီးထွားမှုအခြေအနေကို စာရင်းကောက်ယူ မှတ်တမ်းထားရှိရန်၊ စိုက်ခင်းဟောင်းများ၌ သေပင်များအား ဖာထေးဆောင်ရွက်ရာတွင် ယင်းစိုက်ခင်း၏ ရှင်သန်ကြီးထွားမှုကောင်းမွန်သည့် သစ်မျိုးဖြင့် ဖာထေးဆောင်ရွက်ရန်၊ ဒေသသစ်မျိုးများ ဦးစားပေးစိုက်ပျိုးရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မုံရွာမြို့ ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျေးရွာများသို့ စွမ်းအားမြင့် မီးဖိုဖြန့်ဝေရန်၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၌ သတိပေးဆိုင်းဘုတ် စိုက်ထူရန်၊ ပြည်သူများအား အသိပညာပေး၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်းများ ထူထောင်ရန်၊ ကြိမ်၊ ဝါးစိုက်ခင်းများ စိုက်ပျိုးရန်ကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗောဓိတစ်ထောင်ပျိုးဥယျာဉ်နှင့် ဗောဓိတစ်ထောင်နယ်မြေ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗောဓိတစ်ထောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဌာနအစီအစဉ်ဖြင့် စီမံကိန်းရေးဆွဲဆောင်ရွက်သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ဆက်လက်၍ သစ်တောဦးစီးဌာနက မြိုင်စီကျေးရွာအတွက် စိုက်ပျိုးပေးထားသည့် ကျေးရွာထင်းစိုက်ခင်း ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗောဓိတစ်ထောင်နယ်မြေအတွင်း ကွန်တိုပေါင်ဖြင့် စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကျင်းရှည်ဖြင့် သစ်မျိုးစုံစမ်းသပ်ရောနှောစိုက်ပျိုးခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ပျိုးဥယျာဉ်အား စစ်ဆေး၍ လျှော်ဖြူ၊ နံ့သာဖြူပျိုးပင်များ ပိုမိုပျိုးထောင် ဆောင်ရွက်ရန်၊ အလားတူ အပူပိုင်းဒေသ သစ်မျိုးများဖြစ်သည့် သီး၊ သန်း၊ ဒဟတ်၊ ဆီး၊ သနပ်ခါးတို့ကိုလည်း ပိုမိုပျိုးထောင်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရိုး မင်းဝံတောင် မြေပြိုတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် စမ်းသပ်စိုက်ပျိုးထားသည့် ဗက်တီဗာမြက် စိုက်ခင်းအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် မြန်မာ့သစ်လုပ်ငန်း မန္တလေးဖောင်ဖွဲ့ရေးဒေသ၏ စစ်ကိုင်းသစ်ဆိပ်သို့ရောက်ရှိပြီး လုပ်ငန်းများ ရာသီအချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သစ်ဆိပ်နေရာအသစ် ရွေးချယ်ရာ၌ အဘက်ဘက်မှ နှိုင်းယှဉ်ချင့်ချိန် စဉ်းစားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအား စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး စန္ဒကူးခန်းမ၌ ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC)၏ အစီအစဉ်ဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ စွမ်းအားမြင့်မီးဖို ဖြန့်ဝေရေးစီမံကိန်း စတင်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါစီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသရှိ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးသုံးခုတို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ခြောက်နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ တိုင်းဒေသကြီးတစ်ခုအတွင်း တစ်နှစ်လျှင် အိမ်ထောင်စု ၃၆၀၀၀ အတွက် စွမ်းအားမြင့်မီးဖို ၃၆၀၀၀ ကို ဖြန့်ဝေဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကာလ ဒုတိယနှစ်တွင်လည်း အခြားအိမ်ထောင်စု ၃၆၀၀၀ အတွက် စွမ်းအားမြင့်မီးဖို ၃၆၀၀၀ ကို ဖြန့်ဝေဆောင်ရွက်မည်ဖြစ်သည့်အပြင် စီမံကိန်းကာလအတွင်း ငါးနှစ်ဆက်တိုက် စွမ်းအားမြင့်မီးဖိုစုစုပေါင်း ၅၄၀၀၀၀ ကို ဖြန့်ဝေဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❍ မြဂနိုင်ရုပ်ရှင်ဇာတ်ကားမှ**

ပညာအတိမ်အနက်နဲ့ သမာဓိအင်အားများကြောင့် စာရွက်ပင်မဝေနိုင်တဲ့ မြန်မာမှတ်တမ်းအမွေအနှစ်နှစ်ခုစလုံးဟာ ယူနက်စကိုစာရင်းဝင်(ဒေသအဆင့်)ဖြစ်ခဲ့ရပြီး လိုအပ်တဲ့ကာကွယ်စောင့်ရှောက်မှုတွေကို ရနိုင်တော့မှာဖြစ်ပါတယ်”ဟု အသိပေးခဲ့သည်။

မြဂနိုင်မြန်မာရုပ်ရှင်ဇာတ်ကားကို ၁၉၃၄ ခုနှစ်က ဒါရိုက်တာ ဦးတင်မောင် ရိုက်ကူးခဲ့ပြီး သရုပ်ဆောင်မင်းသား ချစ်ရွှေ၊ မင်းသမီး မြင့်မြင့်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကာ ထင်ရှားကျော်ကြားသည့် ခေတ်ဟောင်းရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည်။ မြဂနိုင်ဇာတ်ကားနှင့်အတူ မြောက်ဦးမြို့ရှိ ရှေးဟောင်းကျောက်စာဖြစ်သည့် အာနန္ဒာစန္ဒြကျောက်စာလည်း ဒေသအဆင့် ယူနက်စကိုမှတ်တမ်းအမွေအနှစ်အဖြစ် စာရင်းဝင်သွားကြောင်း သိရသည်။ **ဇာဏီ**



မြဂနိုင် ရုပ်ရှင်ဇာတ်ကားမှ မင်းသား ချစ်ရွှေနှင့် မင်းသမီး မြင့်မြင့်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

---

## ဖားကန့် ဟောင်ပါးဒေသ၌ ရွှေနှင့် ကျောက်မျက် ဥပဒေမဲ့တူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီး


**ဖားကန့် ဇွန် ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဟောင်ပါးဒေသ ၁၄ ရွာအတွင်း လုပ်ငန်းရှင်များမှ ဥပဒေမဲ့ ရွှေနှင့် ကျောက်မျက်တူးဖော်နေမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းများနှင့်အတူ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော ရေကြီးခြင်း၊ ဒေသခံတို့ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်သို့ တူးပြီးမြေစာများ စွန့်ပစ်ခြင်းကြောင့် ယာဉ်အန္တရာယ်များရှိခြင်း၊ ဧရိယာကျယ်ဝန်းစွာ တူးဖော်ထားသောနေရာများအား ပြန်လည်မြေဖို့ပေးခြင်းမရှိသောကြောင့် မိုးရာသီတွင် မိုးရေများ စီးဝင်၍ အင်း၊ အိုင်များသဖွယ်ဖြစ်ကာ**(အောက်ပုံ)** နှစ်စဉ်ရေနစ် သေဆုံးမှုများရှိခြင်း၊ ယင်း အင်း၊ အိုင်များအတွင်းမှ လမ်းမကြီးများပေါ်သို့ ရေလျှံသည့်အတွက် လမ်းများပျက်စီးခြင်း စသည်တို့ကြောင့် ဒေသခံပြည်သူတို့မှ မိုးရာသီရောက်တိုင်း နှစ်စဉ် စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။

ကျောက်မျက်တူးဖော်သော ကုမ္ပဏီများအား နိုင်ငံတော်မှ လုပ်ထုံး၊ လုပ်နည်း ဥပဒေစည်းကမ်းများနှင့်အညီ တူးဖော်ပြီးသော မြေနေရာများအား မြေဖို့ခြင်း၊ ယင်းမြေကို သိပ်သည်းခိုင်ခံ့မှုရှိစေရန် စနစ်တကျ တိုင်းတာ၍ ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်စေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သီးပင်၊ စားပင်နှင့် အရိပ်ရပင်များအား ပြန်လည် စိုက်ပျိုးရန်ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခွင့်ပြုလျက်ရှိသော်လည်း ကိုယ်ကျိုးရှာ စီးပွားရေးသမားလုပ်ငန်းရှင် အများစု၏ စည်းကမ်းမဲ့ မြေစာစွန့်ပစ်ခြင်း၊ တူးဖော်ထားပြီး ကျင်းဟောင်းများကို နည်းစနစ်မှန်ကန်မှုမရှိဘဲ နက်ရှိုင်းစွာတူးဖော်နေမှုများကြောင့် နှစ်စဉ် လူများသေဆုံးကာ သေဆုံးသူအများစုမှာ ဒေသခံပြည်သူများ ဖြစ်ကြသည်။

ဒေသခံ ပြည်သူများ အသုံးပြုလျက်ရှိသော လမ်းများ၊ ရပ်ကွက်နေပြည်သူများ နေထိုင်လျက်ရှိသော အိုး၊ အိမ်တို့အား နစ်နာကြေး အနည်းငယ်မျှသာပေး၍ ရွှေ့ပြောင်းစေကာ ယင်းမြေနေရာများပေါ်တွင် တရားဝင် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ရွှေနှင့် ကျောက်မျက်များ တူးဖော်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ယခု အချိန်အခါတွင် ဟောင်ပါးအုပ်စု ဟွေ့ဆိုင်းကြာရွာအဝင်ရှိ ရွှေနှင့် ကျောက်မျက်များ တူးဖော်ထားသောနေရာသည် အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းမကြီး၏ဘေးတွင်ကပ်လျက်ရှိပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေအိုင်ကြီးသဖွယ်ဖြစ်ကာ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို ပူပန်နေရခြင်း၊ နေအိမ်များကို လျော်ကြေးအနည်းငယ်သာပေး၍ ရွှေ့ပြောင်းစေခြင်းစသည့် ဖြစ်ရပ်များခံစားနေရကြောင်း သိရသည်။ **စိုးနိုင်ဦး(ဖားကန့်)**



---

## ကလေးလူနာခွဲစိတ်ခြင်းနှင့်ပတ်သက်ပြီး လူနာရှင်မိဘတချို့ နားလည်မှုလွဲမှားနေဟုဆို

**ရန်ကုန် ဇွန် ၄**

ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် လာရောက်ဆေးဝါးကုသမှုခံယူသည့် မွေးရာပါ စအိုပေါက်မပါသည့် ကလေးလူနာတချို့ ခွဲစိတ်မှုပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ယခုရက်ပိုင်းအတွင်း လူနာရှင် ကလေးမိဘများကြား ဆေးရုံအပေါ် နားလည်မှုအနည်းငယ်လွဲမှားနေမှုများရှိနေသည်ဟု ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က ယနေ့ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

“ဆေးရုံက ပေးဆင်းလိုက်တဲ့အချိန်မှာ တချို့မိဘတွေက တစ်ခါတည်း စအိုပေါက်ကို ဖောက်မပေးဘူး၊ ဘေးလွှဲပေါက်ပဲဖောက်ပေးတယ်၊ အပြင်ကနေ ဝမ်းသွားခိုင်းတယ်ဆိုတဲ့ အမြင်လေးတွေရှိနေတယ်၊ နောက်ပြီး သူတို့ကို ဂရုမစိုက်ဘူးဆိုတဲ့ အမြင်လေးတွေ မိဘတွေအနေနဲ့ ရှိနေတာမျိုး၊ ဒီလို ဘေးကနေ အပေါက်ဖောက်ပေးလိုက်တယ်ဆိုတာဟာ ခွဲစိတ်ကုသတဲ့ အဆင့်သုံးခုထဲကမှ ပထမဆုံးအဆင့်ကို လုပ်ပေးလိုက်ခြင်းဖြစ်ပါတယ်”ဟု ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က ပြောသည်။

ရန်ကင်းကလေးဆေးရုံ၌ တက်ရောက်ကုသသည့် ကလေးငယ်များအား ဆေးရုံဝန်ထမ်းများက လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများပေးပြီးမှသာ ဆေးရုံမှ ဆင်းခွင့်ပေးခြင်းဖြစ်ပြီး ဆင်းရဲ ချမ်းသာမရွေး၊ လူနာ၏ ရောဂါအတိမ်အနက်ကိုသာကြည့်၍ ဆေးဝါးကုသပြုစုစောင့်ရှောက်မှုများ ပြုလုပ်သည်ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ မွေးရာပါ စအိုပေါက်မပါသည့် ကလေးငယ်များကို ကျား၊ မ နှစ်ဦးစလုံးတွင် တွေ့ရလေ့ရှိပြီး ကုသရာတွင် ပထမအဆင့်အနေဖြင့် ဝမ်းဗိုက်မှ ဝမ်းလွှဲပေါက်ဖောက်ပေးခြင်း၊ ဒုတိယအဆင့်အနေဖြင့် စအိုပေါက်ဖောက်ပေးခြင်း၊ စအိုပေါက်မှ ဝမ်းကောင်းစွာသွားနိုင်ပါက တတိယအဆင့်အနေဖြင့် ဝမ်းလွှဲပေါက် ပြန်ပိတ်ခြင်း စသည့် အဆင့်သုံးဆင့်ကို ဆောင်ရွက်ရကြောင်း ရန်ကင်းကလေးဆေးရုံမှ သိရသည်။

“စစချင်းဆေးကုသမှု မလုပ်ခင်မှာ စအိုပေါက် မပါဘူးဆိုရင် လူနာရှင်ကလေးမိဘတွေကို ရှင်းပြပါတယ်၊ အဆင့်သုံးဆင့် ကုရမယ်၊ တစ်ဆင့်နဲ့တစ်ဆင့်ကြားမှာ အိမ်ကိုပြန်နားပြီးတော့မှ အချိန်ကျမှ လာပြီးခွဲရမယ်လို့ရှင်းပြပါတယ်၊ တစ်ခါတလေကျရင် စအိုပေါက်က ကျဉ်းကျဉ်းလေး ပွင့်နေတယ်ဆိုရင် တစ်ခါတည်းပဲ ခွဲစိတ်ကုသပေးလို့ရပါတယ်၊ စအိုပေါက်ကလည်း မပါဘူး၊ အူလမ်းကြောင်းကလည်း မြင့်နေတယ်ဆိုရင်တော့ ဝမ်းသွားတဲ့လမ်းကြောင်းကို အရင်လွှဲရပါတယ်၊ မိဘတွေကို အူလမ်းကြောင်း ဘယ်လိုစောင့်ရှောက်ရမလဲဆိုတာကို သင်ပေးပြီး ဆေးရုံကနေပေးဆင်းပြီးတော့မှ နောက်တစ်ခေါက် ဆေးကုသဖို့အတွက်ကို ရက်ချိန်းပြန်ပေးလိုက်ပါတယ်” ဟု ကလေးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညိုညိုဝင်းက ပြောသည်။

ရန်ကင်းကလေးဆေးရုံကြီး၌ ဇန်နဝါရီလမှ မေလအထိ ကလေးလူနာပေါင်း ၁၀၀၀ ကျော် တက်ရောက် ဆေးကုသမှုခံယူနေပြီး ထိုအထဲတွင်မှ မွေးရာပါ စအိုပေါက်မပါသည့် ကလေးလူနာ ၄၃ ဦးရှိကြောင်း အဆိုပါဆေးရုံမှ သိရသည်။

ထို့ပြင် ပြီးခဲ့သည့် မေ ၂၃၊၂၄၊ ၂၆ ရက်တို့တွင် မွေးရာပါ စအိုပေါက်မပါသည့် ၁၀ ရက်သားအရွယ် ကလေးငယ်တစ်ဦး၊ နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦး၊ နှစ်လသားအရွယ် ကလေးငယ်တစ်ဦးတို့အား လိုအပ်သည့် ဆေးကုသမှုများ ပြုလုပ်ပေးကာ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ ကလေးငယ်များအား ဆေးရုံသို့ ပြန်ပြရန် ရက်ချိန်းများပေးထားပြီးသားဖြစ်ပြီး လာမည့် ဒီဇင်ဘာလတွင် ခွဲစိတ်ကုသမှုများ ပြုလုပ်မည့် စာရင်းတွင်လည်းထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**နိဒါန်း**

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ် ပေါ်ထွန်းလာနိုင်ရေး ဦးတည်လျက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအစီရင်ခံစာသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံခြင်း ဖြစ်ပါသည်။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု**

ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီမံကိန်းများဆောင်ရွက်ရန် ပြည်သူလူထုထံမှ ရယူအသုံးပြုခဲ့ရသော မြေယာများအတွက် ထိုက်သင့်သော မြေယာလျော်ကြေးငွေများကို ပေးချေလျက်ရှိရာ ရခိုင်ပြည်နယ် ဂွမြို့နယ် ကမ်းသာယာနယ်မြေရဲစခန်းပိုင်မြေ ၆ ဒသမ ဝ၆ ဧကအတွက် မြေလျော်ကြေး ငွေကျပ် ၂ ဒသမ ၇ဝ၆၈ သန်းနှင့် စစ်တွေမြို့နယ် အမြင့်ကျွန်းရဲစခန်းပိုင်မြေ ၃ ဒသမ ၁၁ ဧက အတွက် မြေလျော်ကြေး ငွေကျပ် ၇ ဒသမ ၇၇၅ သန်းတို့ကို ခွင့်ပြုရရှိထားပြီးဖြစ်၍ သက်ဆိုင်ရာ တောင်သူများသို့ လျော်ကြေးငွေပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေမြို့နယ် အမြင့်ကျွန်းကျေးရွာအုပ်စု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး မြေနေရာအတွက် လျော်ကြေးငွေပေးချေရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ ပါဝင်နိုင်မှုကို တိုးမြှင့်ပေးရန်နှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ရရှိလာမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူလူထု ကောင်းမွန်စွာ ရရှိခံစားနိုင်စေရေးအတွက် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)၊ လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း (Social Impact Assessment-SIA)၊ ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု (Geological and Topographical -G.T survey) လုပ်ငန်းများ ဆောင်ရွက်ရန် တရုတ်အပြည်ပြည်ဆိုင်ရာ ယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း(China International Trust and Investment Corporation-CITIC)နှင့် မြန်မာဘက်မှ Government Designnated Entity-GDE တို့ ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း လုပ်ငန်းခွင်သင်တန်း ရရှိခဲ့သော အမျိုးသမီး ဦးရေ

အလုပ်သမားဈေးကွက်နှင့်သက်ဆိုင်သည့် လေ့လာဆန်းစစ်မှုများ (Labour Market Assessment - LMA) ပြုလုပ်သွားနိုင်ရေး ILO နှင့် ညှိနှိုင်းထားရှိပြီး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ LMA ပြုလုပ်ရန် စီမံဆောင်ရွက်ဆဲကာလတွင် လုပ်သားအင်အားအတွင်း ပါဝင်နိုင်မှု နည်းနေသေးသည့် အမျိုးသမီးထု၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အမျိုးသမီးများ အလုပ်အကိုင်ရရှိမှုအလားအလာ မြင့်မားစေရန်အတွက် အမျိုးသမီးဦးစားပေး သင်တန်းများဖြစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အိမ်တွင်းမှုသင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး သင်တန်းများနှင့် သမဝါယမမွမ်းမံသင်တန်း စသည်တို့ကို စုစုပေါင်း ၄၂ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး အမျိုးသမီး စုစုပေါင်း ၅၆၈ ဦး တက်ရောက်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ဧပြီလကုန်တွင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော တံတားစင်းရေ

ဒေသလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် စုစုပေါင်း တံတား ၁၃ စင်းကို ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်တံတား ၁၁ စင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်း ၃၄ လမ်းပေါ်တွင် အပိုင်းအလိုက်မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ တံတားများဆောက်လုပ်ခြင်းနှင့် မေယုတောင်ကျော်လမ်း (၂)



၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် တည်ဆောက်မည့် တံတားစင်းရေ

လမ်း အသစ်ဖောက်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဓိကကျသည့် မေယုတောင်ကျော်လမ်း(၂)လမ်းဖြစ်သည့် ကျောက်ပန္နး-အင်းဒင်-စေတီပြင် တောင်ကျော်လမ်း (၉/၀)မိုင်၊ ကြိမ်ချောင်း-ဂုပ္ပိ တောင်ကျော်လမ်း (၉/၇) မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၈ ရာခိုင်နှုန်း) ပြီးစီးပြီဖြစ်ပြီး ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်း ၄၆ မိုင် ၅ ဖာလုံ ဖောက်လုပ်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါသည်။ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ရေယာဉ်လိုင်း ၂၂ လိုင်းမှ ၂၅ လိုင်းကြား ပုံမှန်ပြေးဆွဲနေပြီး မြစ်တွင်းသွား ကုန်တင်ရေယာဉ် ၅၀ ကျော်၊ မြင်းကောင်ရေ ၂၀ အထက် ကုန်တင်ရေယာဉ် ၇၀၀ ကျော်၊ မြင်းကောင်ရေ ၂၀ အောက် ကုန်တင်ရေယာဉ် ၆၀၀ ကျော်တို့ဖြင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးများ ဆောင်ရွက်ပေးလျက်ရှိပါသည်။



မေယုတောင်ကျော်လမ်း (၂)လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ

လမ်းပန်းဆက်သွယ်ရေးကဲ့သို့ပင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် 66KV ဓာတ်အားလိုင်းမှ ၂၄ နာရီဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ 66 KV ဓာတ်အားလိုင်း သွယ်တန်းခြင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သောကြောင့် မတ်လ ၃၁ ရက်နေ့တွင် ရသေ့တောင်ဓာတ်အားခွဲရုံ ဖွင့်လှစ်ပြီး ၂၄ နာရီ လျှပ်စစ်မီး စတင်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဘူးသီးတောင်မြို့ ဓာတ်အားခွဲရုံ 66KV၊ 2 × 5MVA တည်ဆောက်ခြင်းလုပ်ငန်းမှာ ၃၈ ရာခိုင်နှုန်းနှင့် မောင်တောမြို့ ဓာတ်အားခွဲရုံ၏ 66 KV၊ 5MVA တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၂ ဒသမ ၆၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ဘူးသီးတောင်မြို့အတွက် ဇွန်လအကုန်တွင်လည်းကောင်း၊ မောင်တောမြို့အတွက် ဒီဇင်ဘာလအကုန်တွင်လည်းကောင်း မဟာဓာတ်အားလိုင်းမှ ၂၄ နာရီဓာတ်အား ရရှိနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံတော်ဓာတ်အားစနစ် မရှိသေးမီကာလအတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ ဆိုလာမီး ၈၀၉၂ စုံ တပ်ဆင်နိုင်ရေး တင်ဒါရွေးချယ်စာချုပ်ချုပ်ဆို ပြီးစီးပြီဖြစ်ပါသည်။



ရခိုင်ပြည်နယ်တွင်း ကျေးရွာများ မီးလင်းရေးအတွက် တင်ဒါစနစ်ဖြင့် ဝယ်ယူထားသော ဆိုလာမီးစနစ်ပေါင်း



၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက် သောက်သုံးရေရရှိရေးလုပ်ငန်း

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံနိုင်ရေးအတွက် ကျေးရွာရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မူလဘတ်ဂျက်နှင့် ပြည်ထောင်စု (မွမ်းမံ) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း ၁၈၄ ခု၊ UNICEF ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း ၁၃ ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း ၄၈ ခု၊ စုစုပေါင်း ၂၄၅ ခုတို့ကို ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လယ်ယာသုံး စက်ပစ္စည်းများ ဝယ်ယူရန် ထုတ်ချေးခဲ့သော ငွေပမာဏ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ တောင်သူလယ်သမား ၃၄၉ ဦးသို့ စက်စီးရေ ၃၄၉ စီးအတွက် ချေးငွေပမာဏ ကျပ် ၁၂၈၅၃ ဒသမ ၄၁ သန်း ထုတ်ချေးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း လက်တွန်းထွန်စက် ၁၅၆ စီးကို ရောင်းချပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးချေးငွေ အခွင့်အလမ်းကို ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး ရရှိစေရေးအတွက်လည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြို့နယ် နှစ်မြို့နယ်၊ သမဝါယမအသင်း လေးသင်း၊ အသင်းသား ၆၇ ဦး၊ လယ်မြေ ဧက ၈၂၁ ဧကအတွက် ချေးငွေကျပ် ၂၄၆ ဒသမ ၃၀ သန်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဇန်နဝါရီလမှ ဧပြီလအထိ မိုးကြိုကာလ စိုက်ပျိုးရေးချေးငွေ ကျပ် ၂၅ ဒသမ ၀၀ သန်းကို ထုတ်ချေးပြီးဖြစ်ပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း ခေတ်မီစိုက်ပျိုးရေး နည်းပညာဆိုင်ရာ သင်တန်း ရရှိခဲ့သော တောင်သူလယ်သမားဦးရေ

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနိုင်စေရန် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တောင်သူလယ်သမားများသို့ နည်းပညာဆိုင်ရာ သင်တန်း (၃၄)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၃၁ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ယမ်းချောင်းများနှင့် ဒီတိုနေတာများ လှိုင်ကော်တွင် သိမ်းဆည်းရမိ

**လှိုင်ကော် ဇွန် ၄**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကြည်၊ ကယားပြည်နယ် သတ္တုတွင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်အေးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် နံနက်ပိုင်းက ဒီတိုနေတာနှင့် ယမ်းချောင်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု စက်မှုဇုန်ရှိ ယာဉ်ကြီးရပ်နားစခန်း သိုလှောင်ရုံသို့ အဆိုပါအဖွဲ့က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ ယင်းသိုလှောင်ရုံ အခန်းအမှတ် (၉/၁၀) အတွင်း၌ အရှည် ကိုးလက်မခန့်၊ လုံးပတ် သုံးလက်မခန့်ရှိ တရုတ်





စာတန်းပါ ယမ်းဟု ယူဆရသော အိတ်တစ်အိတ်လျှင် ယမ်းချောင်း ၂၀ စီပါ အိတ် ခြောက်အိတ်စီ ထည့်ထားသော စက္ကူဖာ ၄၀ (စုစုပေါင်း ယမ်းချောင်း ၄၈၀၀) နှင့် အရှည် ၁၂ ပေခန့်ရှိ အဖြူရောင်စနက်တံကြိုးနှင့် တွဲလျက် အရှည် နှစ်လက်မခန့်ရှိ အနက်ရောင် ဒီတိုနေတာ ၁၀ ချောင်းအား တစ်ခွေ ခွေပြီး ၁၀ ခွေလျှင် တစ်အိတ် ထည့်ထားသော ဒီတိုနေတာ အိတ်ပေါင်း ၄၀ (စုစုပေါင်း အချောင်း ၄၀၀၀) တို့ကို တွေ့ရှိသဖြင့် အဆိုပါ သိုလှောင်ရုံအား ငှားရမ်းအသုံးပြုသူ ဒေါ်မြမြစိမ်း(ခ) ဒေါ်အားတုံ (၄၃) နှစ် မိုင်းလုံးရပ်ကွက် လှိုင်ကော်မြို့ နေသူထံမှ လှိုင်ကော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ငြိမ်းဇော်မင်းက ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ တရားလိုပြု၍ လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# မြန်မာ့ရုပ်မြင်သံကြား

**၅-၆-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "အဖိုးတန်မြန်မာ့သဘာဝသယံဇာတအင်ကြင်းကျောက်" |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "၁၉၄၀ ပြည့်နှစ်၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုစုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအကြောင်း သိကောင်းစရာ"(အပိုင်း-၂) [ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၉း၁၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ" (အပိုင်း-၇) [မဟာစိတြာရာမ သိမ်ကျောင်းတော်(သို့) ပြည်မင်းသားကျောင်းတိုက်] |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | "ဝန်းကျင်သဘာဝမျှလိုက သစ်ပင်စိုက်ကြဝသန်ကာလ" |
| ၁၁း၂၅ | "အမွန်မြတ်ဆုံးသော လက်ဆောင်" |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၃) |
| ၁၃း၃၀ | Yes or No Talk Show |
| ၁၄း၀၀ | "သိတတ်စေသော်" |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၃၄) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | YTN (Science) "နပျိုစွာအသက်ရှည်ခြင်း" |
| ၁၇း၂၀ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၅) |
| ၁၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်-ဖြိုးငွေစိုး၊ ဒါရိုက်တာ-ကြည်ဖြူရှင်) |
| ၁၈း၅၀ | "CHOICE"(အပိုင်း-၆၈) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၄) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန်မှန်မှန်ပေးဆောင်ပေး" (အခွန်ထမ်းပြည်သူများလွယ်ကူစွာ အခွန်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုအကြောင်း သိကောင်းစရာ) -အနုပညာခန်းရိပ်သာ "သတင်းစာဆရာ/စာရေးဆရာ မောင်ဝံသအကြောင်း တွေ့ဆုံမေးမြန်းခြင်း" -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၉) |

**-အစီအစဉ်ပြီး၏။**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် ကန့်သတ်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၄**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၃ ရက်က ရော်ဘာသစ်တုံး(အစို)များ တင်ဆောင်ထားသည့် ဟီးနိုးခြောက်ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Parijat Tobacco (ကွမ်းစားဆေး) (၁×၁၀×၃၀) အိတ် ၃၀ နှင့် ပစ္စည်းတင်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၉ စီး၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၆၆၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၇၇၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၄၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးခွတွင် ပထမတန်းကျောင်းသားသုံးဦး ရေနစ်သေဆုံး

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် ဇွန် ၄ ရက် နံနက် ၁၁ နာရီခန့်က အမှတ်(၈)ရပ်ကွက် ကားလမ်းဘေးရေမြောင်းအတွင်း ကလေးငယ် သုံးဦး ရေနစ်သေဆုံးနေကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် သွားရောက်စစ်ဆေးရာ အမှတ်(၈)ရပ်ကွက် သုံးခွ-ခရမ်းကားလမ်းမဘေး ဖရုံကျေးရွာသွားလမ်းခွဲဘေး အနက် ခြောက်ပေ၊ အကျယ် ၁၀ ပေ၊ အရှည် ၁၅ ပေခန့်ရှိ ရေမြောင်းအတွင်း ကလေးငယ် သုံးဦး ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသည်။

သေဆုံးသူကလေးများမှာ (မြို့မ)အထကကျောင်းတွင် ကျောင်းတက်နေသူ ပထမတန်းကျောင်းသားများဟု သိရှိရသည်။ ၎င်းတို့ သုံးဦးသည် ဇွန် ၃ ရက် ညနေ ၃ နာရီခန့်က အမှတ်(၉)ရပ်ကွက် လူထုလမ်းရှိ ရေကန်ပေါင်ပေါ်တွင် ဆော့ကစားနေစဉ် အဒေါ်ဝမ်းကွဲတော်စပ်သူက တွေ့မြင်၍ မဆော့ကြရန် အော်လွှတ်ရာမှ ၎င်းတို့ သုံးဦးထွက်ပြေးသွားကြပြီး ညနေ ၅ နာရီကျော်သည်အထိ နေအိမ်များသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ လိုက်လံရှာဖွေရာမှ ယခုကဲ့သို့ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း၊ အလောင်းများအားစစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ရေနစ်သည့် လက္ခဏာဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# လှိုင်သာယာတွင် ယာဉ်မောင်းလိုင်စင် အတုပြုလုပ်သူများအား ဖမ်းဆီး

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဒုတိယဦးစီးမှူး ဦးနွေမိုးငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်စိန်လှိုင်ဝင်း၊ သဃ်န်းကျွန်းမြို့မရဲစခန်းမှ ရဲအုပ်ဝင်းလွင်ထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် နဝဒေးဥယျာဉ်အိမ်ရာ မ/၁၆ ဘလောက် (၅၄)နေ ဦးဇော်လင်းအောင် (၄၆)နှစ်သည် ယာဉ်မောင်းလိုင်စင် အတုပြုလုပ်နေကြောင်း သတင်းအရ ဇွန် ၂ ရက် ညနေ ၆ နာရီတွင် သက်သေများနှင့်အတူ နေအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်တွင် ၎င်းနေအိမ်အောက်ထပ် ဧည့်ခန်းခေါင်းရင်း၌ လက်တော့ပ်သုံးလုံး၊ ကာလာပရင်တာတစ်လုံး၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အပျက်သုံးခု၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အတုတွင် ထည့်သွင်းအသုံးပြုရန် မှတ်တမ်းဓာတ်ပုံတစ်ပုံ၊ နံပါတ်ပြားနှစ်ခု၊ NFC တံဆိပ်ပါ ယာဉ်မောင်းလိုင်စင်ကတ်တွင် မြှုပ်သွင်းထားသော ဒေတာစစ်ဆေးသည့် စက်တစ်ခု၊ လိုင်စင်များအားစစ်ဆေးရာတွင် ကြည့်ရှုသည့် ဓာတ်မီး နှစ်ခုတို့အား တွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ဇော်လင်းအောင်၏ ထွက်ဆိုချက်အရ အမှတ်(၄)ရပ်ကွက် FMI အိမ်ရာ အေးသာယာလမ်း B-64 နေအိမ်တွင် စမတ်ကတ်အတုများ ပြုလုပ်နေကြောင်း သိရသဖြင့် ည ၉ နာရီခွဲခန့်တွင် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ငှားရမ်းနေထိုင်သူ ဦးထွန်းလှိုင်အား တွေ့ရပြီး နေအိမ်အပေါ်ထပ်အခန်းတွင် လက်တော့ပ်တစ်လုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတံဆိပ်ပါ ယာဉ်မောင်းလိုင်စင်အပျက် ၁၆ ခု၊ ယာဉ်မောင်းလိုင်စင် စမတ်ကတ်ထုတ်သည့် စက်နှစ်လုံး၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တစ်ခု၊ YGN ယာဉ်နံပါတ်ပါ နံပါတ်ပြား နှစ်ခု၊ MDY ယာဉ်နံပါတ်ပါ နံပါတ်ပြား နှစ်ခု၊ အသုံးမပြုရသေးသော အဖြူရောင်ကတ် ၂၁၀၀ တို့အား ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင် အတုပြုလုပ်သူ ဇော်လင်းအောင်နှင့် ထွန်းလှိုင်တို့ နှစ်ဦးအား ဇွန် ၃ ရက်တွင် လှိုင်သာယာမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်အောင်မှ ငါးတန်းကျောင်းသူလေးအား ဓမ္မတာဆန့်ကျင် သတ်ဖြတ်သူတရားခံကို သေဒဏ်ချမှတ်

**ပုသိမ် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တရားရုံးက မြန်အောင်မြို့နယ် လက်ပံကွင်းအထကမှ ငါးတန်းကျောင်းသူလေးအား ဓမ္မတာဆန့်ကျင် သတ်ဖြတ်သူ တရားခံကို မေ ၃၁ ရက်တွင် ပြစ်မှုထင်ရှားကြောင်း စစ်ဆေးသိရသဖြင့် သေဒဏ်အပြစ်ပေးလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီခန့်တွင် မြန်အောင်မြို့နယ် အင်ပင်နယ်မြေရဲစခန်းအပိုင် မျှင်ဝါးတောင်ကျေးရွာအုပ်စု ညောင်ခုံကျေးရွာနေ မ------- ငါးတန်းကျောင်းသူသည် လက်ပံကွင်းအထကမှ ညနေကျောင်းဆင်း၍ နေအိမ်သို့ပြန်လာစဉ် ငါးဘတ်ချောင်းကျေးရွာနှင့် စာနီစုကျေးရွာ ချောင်းကူးအနီးလမ်းမပေါ်တွင် စက်ဘီးလဲကျနေပြီး အနီးရှိ စပါးခင်းထဲတွင် မှောက်လျက်အနေအထားဖြင့် မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့တွင် ရွှံ့များဝင်နေပြီး သတိလစ်နေသည်ကို ရွာသားသုံးဦးက မြင်တွေ့ရသည်ဟု ဆို၏။ ထိုမှ မ-------- ၏ အဒေါ်က ဟင်္သာတဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် အင်ပင်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့ရာ စခန်းမှူး ရဲအုပ်ဟန်ဇော်ထွန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူတရားခံကို စုံစမ်းရှာဖွေခဲ့ပြီး လေးရက်မြောက်နေ့တွင် တစ်ရွာတည်းနေ အုန်းဌေး (၃၇)နှစ်ဖြစ်ကြောင်း၊ ဓမ္မတာဆန့်ကျင်စွာ ပြုလုပ်မှုဖြင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ပြစ်မှုပုဒ်မ ၃၀၂/၃၇၇ ဖြင့် အမှုကို ဟင်္သာတခရိုင်တရားရုံးတော်၌ တရားစွဲဆိုထားခဲ့ရာ မေ ၃၁ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# အောင်လံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သင်္ချိုင်းမြေရှိ အုတ်ဂူများ မျောပါပျက်စီး

**အောင်လံ ဇွန် ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် စခန်းကြီးကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းခဲ့၍ ရွာ၏အရှေ့ဘက်ရှိချောင်းမှာ ဇွန် ၃ ရက် နံနက်ပိုင်းက ချောင်းရေကျလာသဖြင့် သင်္ချိုင်းမြေရှိ အုတ်ဂူရှစ်လုံး မျောပါပျက်စီးခဲ့ကာ ချောင်းအတွင်း တံတားငယ်ဆောက်လုပ်မှုလုပ်ငန်းအတွက် ကွန်ကရစ်ကြမ်းခင်းရန် ပြင်ဆင်ထားသောငြမ်းများ ပျက်စီးခဲ့သည်။

ထို့အပြင် ရွှေပန်းတော/သဘ္ဘုလဘက်မှ ထွက်ခွာလာသော ခရီးသည်တင်ကားတစ်စီးမှာ ချောင်းအတွင်း သဲကျွံကျပြီး လမ်းပိတ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်ခဲ့ရသည်။ ထို့ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျေးလက်လမ်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ကြရာ နံနက် ၁၀ နာရီခန့်တွင် ယာဉ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



**သိန်းလွင်(အောင်လံ)**

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးမှာ ပါဝင်ခွင့်ဆုံးရှုံးခဲ့ရသည့် ကြယ်ပွင့်ကစားသမားများ

**ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဇွန် ၁၄ ရက်မှာ စတင်တော့မှာဖြစ်လို့ ရက်သတ္တတစ်ပတ်ကျော်သာ လိုပါတော့တယ်။ နိုင်ငံ့လက်ရွေးစင်အသင်း ၃၂ သင်းရဲ့ ကြယ်ပွင့်ကစားသမားတချို့ဟာ ကိုယ်စားပြုအသင်းတွေမှာ ခြေစွမ်းပြခဲ့ပြီး ကမ္ဘာ့တစ်ဝန်းက ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားခွင့်ရရှိခဲ့ကြပေမယ့်လည်း နာမည်ကြီးကြယ်ပွင့်ကစားသမားတချို့ကတော့ ကိုယ်စားပြုနိုင်ငံအသင်းတွေ ကမ္ဘာ့ဖလားဝင်ခွင့်ဆုံးရှုံးခဲ့ရတာရယ်၊ နိုင်ငံအသင်းနည်းပြများရဲ့ ရွေးချယ်ခြင်းမှ ချန်လှပ်ခံခဲ့ရတာရယ်တို့ကြောင့် အောက်ပါကြယ်ပွင့်ကစားသမားများဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ပါဝင်ခွင့်ဆုံးရှုံးရတော့မှာ ဖြစ်ပါတယ်။**



## မိုရက်တာ(စပိန်)

မိုရက်တာဟာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက ပေါင်သန်း ၇၀ ပေးပြီး ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကို ရောက်သွားချိန်မှာ မိုရက်တာရဲ့ ပုံမှန်ခြေစွမ်း ပျောက်ဆုံးခဲ့ရတာကြောင့် ရုရှားနိုင်ငံမှာကျင်းပမယ့် ကမ္ဘာ့ဖလားကို သွားရောက်ယှဉ်ပြိုင်မယ့် စပိန်အသင်းမှာ ပါဝင်ကစားခွင့် ပျောက်ဆုံးခဲ့ရသူ ဖြစ်ပါတယ်။



## အလက်ဇစ်ဆန်းချက်ဇ်(ချီလီ)

တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ဟာ နိုင်ငံအသင်းမှာရော ကလပ်အသင်းမှာပါ ခြေစွမ်းပြကစားနိုင်စွမ်းရှိခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ အဲဒီလိုခြေစွမ်းပြ ကစားနိုင်ခဲ့လို့ မန်ယူအသင်းကလည်း ဆန်းချက်ဇ်ကို အိုးထရက်ဖို့ဒ်အရောက် ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီလိုခြေစွမ်းတွေ ရှိနေပေမယ့် ချီလီအသင်း ၂၀၁၈ ကမ္ဘာ့ဖလားဝင်ခွင့် ဆုံးရှုံးခဲ့တာကြောင့် ဆန်းချက်ဇ်ရဲ့ ကမ္ဘာ့ဖလားကန်ချင်တဲ့ မျှော်လင့်ချက်ကုန်ဆုံးခဲ့ရပါတယ်။ ချီလီအသင်းဟာ ၂၀၁၅ နဲ့ ၂၀၁၆ မှာ အာဂျင်တီးနားအသင်းကို ကျော်ဖြတ်ပြီး ကိုပါအမေရိကချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခု ကမ္ဘာ့ဖလားမှာတော့ ဝင်ခွင့်မရရှိခဲ့ပါဘူး။

## အီဘရာဟီမိုဗစ်(ဆွီဒင်)

ဆွီဒင်အသင်းဟာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိထားခဲ့တဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ နိုင်ငံတကာလက်ရွေးစင်ကစားသမားအဖြစ်မှလည်း အနားယူထားခဲ့တာကြောင့် ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ကစားခွင့်မရရှိခဲ့တာ ဖြစ်ပါတယ်။ အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ အီဘရာဟီမိုဗစ်ဟာ နိုင်ငံလက်ရွေးစင်အဖြစ်ကနေ အနားယူခဲ့ပေမယ့် ကလပ်အသင်းကစားသမားဘဝမှ အနားယူခဲ့ခြင်းမရှိဘဲ မန်ယူအသင်းကနေ အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီအသင်းကို ပြောင်းရွှေ့ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

## အန်တိုနီမာရှယ်(ပြင်သစ်)

တိုက်စစ်မှူး အန်တိုနီမာရှယ်ဟာ မန်ယူအသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ ဘောလုံးရာသီက လူကာကူနဲ့ ဆန်းချက်ဇ် ရောက်ရှိလာခဲ့ချိန်မှာ နည်းပြ မော်ရင်ဟိုရဲ့ မျက်နှာသာမပေးမှုနဲ့အတူ ပုံမှန်ကစားခွင့်ပျောက်ဆုံးခဲ့ရပါတယ်။ အဲဒီလို ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရခြင်းရဲ့ရလဒ်က နည်းပြ ဒက်ချမ့်ရဲ့ ပြင်သစ်လက်ရွေးစင်အသင်းမှာ ပါဝင်ခွင့်မရရှိခဲ့ခြင်းအထိ ဖြစ်လာစေခဲ့ပါတယ်။ နည်းပြ ဒက်ချမ့်ဟာ မာရှယ်ကို ရုရှားမြေသို့ ခေါ်ယူသွားခဲ့ခြင်းမရှိခဲ့ဘဲ တိုက်စစ်ပိုင်းအတွက် ဂျရူး၊ ဂရစ်ဇ်မန်း၊ မက်ပီနဲ့ ဒမ်ဘီလီတို့ကိုသာ ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။



## ဂေါ့ဇီ(ဂျာမနီ)

ဂေါ့ဇီဟာ ဂျာမနီအသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သူပါ။ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဂေါ့ဇီရဲ့ နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးကြောင့်သာ ဂျာမနီ ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ဒေ့မွန်အသင်းမှာ ခြေစွမ်းပျောက်ဆုံးမှုနဲ့အတူ ကမ္ဘာ့ဖလားမှာလည်း ဂျိုအာချင်လိုရဲ့ ချန်ထားခဲ့ခြင်းကို ခံခဲ့ရသူပါ။

## ချန်ဘာလိန်(အင်္ဂလန်)

လီဗာပူးကွင်းလယ်ကစားသမား ချန်ဘာလိန်ဟာ အင်္ဂလန်အသင်း ကမ္ဘာ့ဖလား ဝင်ခွင့်ရရှိခဲ့ပေမယ့် ဒဏ်ရာပြဿနာကြောင့် လွဲခဲ့ရတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ချန်ဘာလိန်ဟာ ဧပြီလအတွင်းက ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် နည်းပြ ဆောက်ဂိတ် ကစားသမားရွေးချယ်ချိန်မှာ ဒဏ်ရာမသက်သာခဲ့လို့ ချန်ထားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ချန်ဘာလိန်အတွက် ကမ္ဘာ့ဖလား ကစားခွင့် ဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။



## ဖာဘရီဂတ်စ်(စပိန်)

ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ဟာ စပိန်အသင်းနဲ့အတူ ကမ္ဘာ့ဖလားရယူခဲ့ဖူးတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် ပြင်သစ်မြေမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ပါဝင်ကစားခွင့်ပျောက်ဆုံးခဲ့ရသလို အခု ရုရှားမြေမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း ပါဝင်ခွင့်မရခဲ့ပြန်ပါဘူး။



## ဘင်ဇီမာ(ပြင်သစ်)

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ အားထားရတဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ ပြင်သစ်လက်ရွေးစင်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့တာဆိုရင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလကတည်းက ဖြစ်ပါတယ်။ အခု ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းဝင်ခွင့်ရရှိခဲ့ပေမယ့် ဘင်ဇီမာကို ချန်ထားခဲ့ပြန်ပါတယ်။ ဘင်ဇီမာကတော့ ကမ္ဘာ့ဖလားကစားခွင့်ရဖို့ မျှော်လင့်နေဆဲဖြစ်ပြီး ဘယ်အချိန်မှာ ပါဝင်ကစားခွင့်ရမလဲဆိုတာ စိတ်ဝင်စားစရာပါ။

## ဘတ်ဖွန်(အီတလီ)

အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ ဝါရင့်ဂိုးသမားကြီး ဘတ်ဖွန်ဟာ အီတလီအသင်းနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံခဲ့ဖူးတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ အဲဒါကြောင့် အခု ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း အီတလီအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကစားသမားဘဝ နောက်ဆုံးကစားဖို့ ရည်ရွယ်ခဲ့သူတစ်ဦးပါ။ ဒါပေမယ့် အီတလီအသင်းဟာ ဝင်ခွင့်ဆုံးရှုံးခဲ့ရတာကြောင့် ဘတ်ဖွန်ရဲ့ ကမ္ဘာ့ဖလားကစားခွင့် မျှော်လင့်ချက် ကုန်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။



## ခရစ္စတီယန်ပူလီဆစ်(အမေရိကန်)

ခရစ္စတီယန်ပူလီဆစ်ဟာ ငယ်ရွယ်ပြီး တောက်ပတဲ့ ဘောလုံးကြယ်တစ်ပွင့်ပါ။ အဲဒါကြောင့် အမေရိကန်ဘောလုံးအသင်းရဲ့ အားကိုးအားထားပြုရတဲ့ ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရတာပါ။ ဒါ့အပြင် ဒေ့မွန်အသင်းမှာလည်း ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်လက်ရွေးစင်အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ဆုံးရှုံးခဲ့ရတာကြောင့် ခရစ္စတီယန်ပူလီဆစ်အတွက် ရုရှားမြေကို သွားရောက်ကစားခွင့် မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရပါတယ်။

## ဂါရတ်ဘေးလ်(ဝေးလ်)

ဂါရတ်ဘေးလ်ဟာ လီဗာပူးအသင်းနဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကိုလည်း ချန်ပီယံလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သူပါ။ ဒါ့အပြင် ဝေးလ်လက်ရွေးစင်အသင်းကိုလည်း ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိအောင် ကူညီပေးခဲ့သူပါ။ ဒါပေမယ့် ဝေးလ်အသင်းက ကမ္ဘာ့ဖလားဝင်ခွင့် ဆုံးရှုံးခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်ကစားဖော်တွေဖြစ်တဲ့ စီရိုနယ်လ်ဒို၊ လူကာမိုဒရစ်၊ ရာမို့စ်တို့လို ကစားသမားတွေ ကမ္ဘာ့ဖလားမှာ ပါဝင်ကစားနေတဲ့ အချိန် ကိုယ်တိုင်ပါဝင်ကစားခွင့် မရခဲ့တာမို့ ဂါရတ်ဘေးလ်အနေနဲ့ အိမ်မှာပဲ ကမ္ဘာ့ဖလား ကြည့်ရှုခံစားရတော့မှာပါ။



## ဝီရှိုင်းယား(အင်္ဂလန်)

အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားဟာ အင်္ဂလန်လက်ရွေးစင်အသင်းရဲ့ ပွဲစဉ်တွေမှာ ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်ပါတယ်။ ဒါကြောင့် ဝီရှိုင်းယားအနေနဲ့ အင်္ဂလန်အသင်းနဲ့အတူ ကမ္ဘာ့ဖလား ပါဝင်ကစားဖို့ ရုရှားမြေကို ခေါ်သွားပါလို့ တောင်းဆိုခဲ့သူတစ်ဦးပါ။ ဒါပေမယ့် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က မတူညီတဲ့လားရာတစ်ခုအပါအဝင် ဒဏ်ရာပြဿနာ ကြုံတွေ့နေတာကြောင့် ဝီရှိုင်းယားကို ချန်ထားခဲ့တာဖြစ်ပါတယ်။

## အိုင်ကာဒီ(အာဂျင်တီးနား)

အာဂျင်တီးနား ကြယ်ပွင့်ကစားသမား အိုင်ကာဒီဟာ အီတလီစီးရီးအေပြိုင်ပွဲမှာ အင်တာမီလန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ အီတလီစီးရီးအေပြိုင်ပွဲမှာဆိုရင် အိုင်ကာဒီလို ဂိုးသွင်းစံချိန်တင်နိုင်ခဲ့တဲ့ ကစားသမား မရှိခဲ့ပါဘူး။ ဒါပေမယ့် အိုင်ကာဒီရဲ့ အီတလီစီးရီးအေသွင်းဂိုး ၂၉ ဂိုးသွင်းယူနိုင်မှုဟာ အာဂျင်တီးနားအသင်းမှာ ပါဝင်ကစားခွင့်ရရှိဖို့အတွက် မလုံလောက်ခဲ့ပါဘူး။ အဲဒါကြောင့် အာဂျင်တီးနားအသင်းဟာ လီယွန်နယ်မက်ဆီ၊ အဂူရို၊ ဒိုင်ဘာလာနဲ့ ဟီဂူအင် တို့ကိုသာ ရုရှားမြေမှာ ပါဝင်ကစားဖို့ ထည့်သွင်းခဲ့တာဖြစ်ပြီး အိုင်ကာဒီကိုတော့ ချန်ထားခဲ့တာပါ။



ငွေကြယ်-ရေးသားသည်

# သက်ကြီးမှုန်သူများသုံးသင့်သော မာတီဖိုကယ်မှန်

ပြည့်အောင်(COA)

မျက်စိမှုန်ခြင်း အမျိုးမျိုးရှိသည့်အနက် အသက်အရွယ်ကြောင့် မျက်စိမှုန်ခြင်းသည်လည်း တစ်မျိုးတစ်ဘာသာ ပါဝင်ပါသည်။ တစ်ဖန် အသက်အရွယ်ကြောင့် မျက်စိမှုန်ခြင်းများတွင်လည်း မျက်မှန်တပ်လျှင် မြင်နိုင်သော သက်ကြီးမျက်စိမှုန်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ရာ ဤဆောင်းပါး၌ အဓိကရေးသားတင်ပြလိုသော အကြောင်းအရာလည်း ဖြစ်ပါ၏။

အသက်(၄၀)နှစ်ဝန်းကျင် ရောက်လာသူ (သာမန်အားဖြင့် အဝေးကြည့်ကောင်းသူ၊ မျက်စိကျန်းမာရေးကောင်းသူ)မည်သူမဆို(မျက်စိအသုံးများသည်ဖြစ်စေ၊ နည်းသည် ဖြစ်စေ)အနီးကြည့်(၁၂ လက်မမှ ၁၄ လက်မခန့်အတွင်း) အမြင်မှုန်ဝါးစပြုလာပါသည်။ ထိုသို့ဖြစ်ခြင်းသည် သဘာဝဖြစ်ပြီး ထွေထွေထူးထူး ပူပင်ဖွယ်ရာအကြောင်းမဟုတ်ဘဲ မျက်စိဆရာဝန် မျက်မှန်ပါဝါရှာဖွေပေးသူပညာရှင်ဖြင့် ပြသတိုင်ပင်လျက် မှန်ကန်သော ပါဝါမျက်မှန်ကိုတပ်ရန်လိုကြောင်း ကျန်းမာရေး ဗဟုသုတရှိသူ တော်တော်များများ သိကြပြီးဖြစ်ပါသည်။

စာကြည့်၊ အနီးကြည့်မျက်မှန် စတပ်ခါစ အသက်(၄၀)မှ (၄၅)နှစ်ဝန်းကျင်တွင် စာတစ်ကြောင်းနှစ်ကြောင်းရေးရုံမျှ၊ လက်မှတ်ထိုးရုံမျှ ကိစ္စလေးများတွင် မျက်မှန်မတပ်ဘဲရေးနိုင် မြင်နိုင်သေးသည်ဖြစ်ရာ၊အကွာအဝေးအမျိုးမျိုးပြောင်းလဲမှုကြောင့် ပါဝါမျက်မှန်ဖြင့်ကြည့်၍ မကောင်းသည့် ပြဿနာကို ရင်ဆိုင်ကြရခြင်းမရှိသေးပေ။

**ပါဝါနှစ်မျိုးပါသော**

သို့ရာတွင် အသက်(၄၅)နှစ်ကျော်စပြုလာသောအခါ မျက်မှန်တပ်ပါမှ စာရေးနိုင်၊ လက်မှတ်ထိုးနိုင်သော အခြေအနေသို့ ရောက်ရှိလာပြီး အဝေးကြည့်တွင်လည်း မှုန်စပြုလာပြီဖြစ်ပါသည်။ ထိုအခါ အဝေးကြည့်၊ အနီးကြည့် ပါဝါနှစ်မျိုးပါသော မျက်မှန်ကိုမဖြစ်မနေ မလွှဲမကင်းသာ အသုံးပြုကြရတော့၏။

လုပ်ငန်းနယ်ပယ်အသီးသီး၌ ကျင်လည်နေကြရသော စာကြည့်(အနီးကြည့်) သီးသန့်မျက်မှန်ကို သုံးနေကြသူများကလည်း စာကြည့်မျက်မှန်ကို ထုတ်ကြည့်လိုက် သိမ်းဆည်းလိုက် လုပ်ကြရသည့်ဒုက္ခနှင့် မျက်မှန်မကြာခဏပျောက်သည့်ဒုက္ခများမှ ကင်းဝေးစေရေးအတွက် အမြဲတပ်ထားရသော အနီးအဝေးကြည့်နိုင်သည့် မျက်မှန်ကို လိုလားတောင့်တလာသော အချိန်အခါလည်း ဖြစ်ပါသည်။

ထိုအခါတွင် လွန်ခဲ့သောဆယ်စုများစွာကပင် အသုံးတွင်ကျယ်ခဲ့သော၊ လက်ရှိအချိန်အထိ တွင်တွင်ကျယ်ကျယ် သုံးစွဲလျက်ရှိသော၊ ကုန်ကျစရိတ် သက်သာသော၊ နည်းပညာပိုင်းဆိုင်ရာတွင်လည်း ကျွမ်းကျင်ပြီးဖြစ်သော ဘိုင်ဖိုကယ်(အနီး အဝေး နှစ်မျိုးကိုသာ ချိန်ဆပေးနိုင်သော)မှန်ကိုသာ ရွေးချယ်တပ်ဆင်ကြသည်က များလေသည်။

**မျက်မှန်ပါဝါတိကျမှု**

မျက်မှန်ဝယ်သူအများစုကလည်း ပညာရှင်၊ ဆရာဝန်ညွှန်ကြားသောမျက်မှန်ပါဝါတိကျမှု၊ မိမိနှင့်ကိုက်ညီသော (မိမိလုပ်ငန်းသဘာဝနှင့် အံဝင်ခွင်ကျဖြစ်သော) မှန်အမျိုးအစားများကို သေချာကျနစွာ စူးစမ်းမေးမြန်းလေ့လာဝယ်ယူရန်ထက် မျက်မှန်ကိုင်းကိုသာ ဦးစားပေးရွေးချယ်ကြလေသည်။ မှန်အတွက်ကုန်ကျစရိတ်ထက် မျက်မှန်ကိုင်းအတွက် ကုန်ကျစရိတ်ကို ပို၍သုံးစွဲလိုကြ၏။ မျက်မှန်ဆိုင်အများစုသည်လည်း မှန်အမျိုးအစားများကို ရှင်းပြရန်အချိန်ထက် မျက်မှန်ကိုင်းအမျိုးအစားများအကြောင်း ရှင်းပြရန်အတွက်သာ အချိန်ပို၍ပေးကြလေသည်။

အကယ်စင်စစ် အထက်ဖော်ပြပါ အသက်အရွယ်ကြောင့် အနီးရောအဝေးပါ (မျက်မှန်လို၍)မျက်စိမှုန်ကြသူများအဖို့ မျက်မှောက်ခေတ်၏ မျက်စိသုံးစွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို အခြားသူများ ထက်ပို၍ ရင်ဆိုင်နေကြရကြောင်း၊ စာရေးသူတို့ မျက်စိပညာရှင်များက ကာယကံရှင်များထက်ပင် ပို၍သိကြပါသည်။ ကာယကံရှင်များကိုယ်တိုင် သတိမမူမိကြသော ထိုပြဿနာများ၏ အခြေခံအကြောင်းသည် အကွာအဝေးအမျိုးမျိုး (အနီး-အဝေး၊ မနီးတနီး-မဝေးတဝေး၊မနီးမဝေး)ကို သုံးစွဲနေကြရသော ခေတ်သစ်လူနေမှုပုံစံ၌ အခြေခံပါသည်။

နှစ်ဆယ်ရာစု နှောင်းပိုင်းမှစတင်ကာ ပြည်တွင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာနယ်ပယ်၌ သင်ကြားရေးနှင့်ဌာနဆိုင်ရာများ၊ ဆွေးနွေးပွဲများနှင့် ညီလာခံများ စသည်တို့တွင် အိုင်တီဒီဗိုက်များကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြရာမှ စတင်သော ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် မိမိမျက်မှန်တွင်တပ်ရန် ဘိုင်ဖိုကယ်မှန်ကို ရွေးချယ်ခြင်းသည် ပြီးပြည့်စုံသောရွေးချယ်မှုဟု ဆိုနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဘိုင်ဖိုကယ်ဟူသော အမည်နှင့်လျော်ညီစွာ ၎င်းမှန်သည်

> **66**
> **အသက်(၄၅)နှစ်ကျော်စပြုလာသောအခါ မျက်မှန်တပ်ပါမှ စာရေးနိုင်၊ လက်မှတ်ထိုးနိုင်သော အခြေအနေသို့ ရောက်ရှိလာ...**
>
> **မာတီဖိုကယ်မှန်များသည် ခေတ်သစ်လူနေမှုပုံစံနှင့် ကိုက်ညီစေရန် အဆင့်ဆင့်ပြောင်းလဲလာသော မှန်ဖြစ်ရာ မျက်မှောက်ခေတ် သက်ကြီးမျက်စိမှုန်သူများအတွက် သင့်တော် . . . 99**




အနီးနှင့် အဝေး(၁၂လက်မ၊ ၁၄ လက်မ နှင့် ပေ ၂၀) နှစ်မျိုးတွင်သာ ကြည်ကြည်လင်လင်မြင်ရမည်ဖြစ်ပြီး ကျန်သော ကြားအကွာအဝေးများတွင် ထိုကဲ့သို့ မြင်ရမည်မဟုတ်သောကြောင့်ဖြစ်ပါသည်။

မျက်မှောက်ခေတ် သက်ကြီးမျက်စိမှုန်သူများသည် (နှစ်ဆယ်ရာစုဆန်းစကကဲ့သို့) ထိုအကွာအဝေးနှစ်မျိုးကိုသာ သုံးစွဲနေကြရသူများ မဟုတ်ကြတော့သည်ကို မိမိကိုယ်ကိုမိမိ ဆန်းစစ်ကြစေလိုပါသည်။ စားပွဲပေါ်တွင် စာရေးစာဖတ်ပြုနေကြရသူများအဖြစ်မျှသာ မဟုတ်တော့ဘဲ တစ်ကိုယ်ရေသုံးကွန်ပျူတာများ၊ စားပွဲတင်ကွန်ပျူတာများ၊ အစည်းအဝေးစားပွဲပေါ်ရှိ ကွန်ပျူတာမျက်နှာပြင်များ၊ မိုဘိုင်းဖုန်းများ၊ ပရိုဂျက်တာများစသည့် အမျိုးမျိုးသော အကွာအဝေးတွင်ရှိသော ခေတ်မီဒီဗိုက်များဖြင့် မလွဲမသွေ ရင်ဆိုင်သုံးစွဲနေကြရလေသည်။

**ဆန်းသစ်တီထွင်**

၁၈ ရာစုနှောင်းပိုင်းက အမေရိကန်နိုင်ငံသား ဖရန့်ကလင် စတင်တီထွင်ခဲ့သော ဘိုင်ဖိုကယ်မှန်သည် ၁၉ ရာစုနှောင်းပိုင်း လူးဝစ်ဒီဝိကား ဆန်းသစ်တီထွင်မှုနှင့်အတူ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး သက်ကြီးမျက်စိမှုန်သူများအား များစွာ အထောက်အကူပြုခဲ့ပါသည်။ သို့ရာတွင်ကြားအကွာအဝေးများကို ကြည့်ရာတွင် အဆင်မပြေမှုများ ကြုံတွေ့ကြရသည့်အတွက် ပီတာဝီလျံ ဆိုသူက အနီး၊အဝေးနှင့် ကြားအကွာအဝေးတစ်မျိုးကိုသာ မြင်နိုင်သည့် ထရိုင်ဖိုကယ်မှန်တီထွင် အဆင့်မြှင့်တင်ခဲ့ပြီး ယခုအခါတွင် အနီးအဝေးနှင့်တကွ ကြားအကွာအဝေးအားလုံးကို ကြည်လင်ပြတ်သားစွာ မြင်နိုင်သည့် အကွာအဝေးမျိုးစုံသုံးမှန်ဖြစ်သော မာတီဖိုကယ်မှန်ကို လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

Progressive lens ဟုလည်းခေါ်သော ထိုမာတီဖိုကယ်မှန်များသည် ခေတ်သစ်လူနေမှုပုံစံနှင့် ကိုက်ညီစေရန် အဆင့်ဆင့်ပြောင်းလဲလာသော မှန်ဖြစ်ရာ မျက်မှောက်ခေတ် သက်ကြီးမျက်စိမှုန်သူများအတွက် သင့်တော်သည်ဟုဆိုရပေမည်။ စားပွဲတင် အကွာအဝေးအပါအဝင် တစ်ကိုယ်ရေသုံးကွန်ပျူတာ၊ စားပွဲတင်ကွန်ပျူတာအကွာအဝေးများအပြင် Work Bench အကွာအဝေးများအတွက်ပါ မှန်တစ်ခုတည်းတွင် ပါဝါများ ပါဝင်လေသည်။

အားနည်းချက်များအနေဖြင့် ကုန်ကျစရိတ် အနည်းငယ်မြင့်ခြင်း၊မျက်မှန်ကိုင်းရွေးချယ်ရာတွင် မိမိနှင့်လိုက်ဖက်မည့်ကိုင်းဖြစ်ရန်လိုအပ်ရုံမျှမက မာတီဖိုကယ်မှန်ဖြင့်သုံး၍ ကိုက်ညီသည့် ကိုင်းဖြစ်ရန်လိုအပ်ခြင်း၊ မှန်ကိုမျက်မှန်ကိုင်းအတွင်းသို့သင့်တော်သော စက်များကိုသုံး၍ ထည့်သွင်းတပ်ဆင်ပေးရသော ပညာရှင်အနေဖြင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု အထူးလိုအပ်ခြင်းနှင့် မိမိရွေးချယ်ဝယ်ယူသော မျက်မှန်ဆိုင်သည် တာဝန်ယူမှု တာဝန်ခံမှုရှိသော မျက်မှန်ဆိုင်ဖြစ်ရန် လိုအပ်ခြင်းတို့ပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ အကွာအဝေးအမျိုးမျိုးကို အသုံးပြုနေကြသူ သက်ကြီး မျက်စိမှုန်သူများသည် မျက်မှန်အတွက် မှန်ရွေးလျှင် ဘိုင်ဖိုကယ်မှန်ထက် မာတီဖိုကယ်မှန်ကို ရွေးချယ်သင့်ကြောင်းနှင့် မာတီဖိုကယ်မှန်တွင်လည်း အားသာချက်များ ရှိသလို အားနည်းချက်များလည်းရှိပါကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

**Ref;https://www.drlilyyeh.com/eye-library/vision-over-http://www.glassespeople.com/history-of-bifocal-glasses.html**

## ဇန်းမော်မြို့၌ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်း ဖွင့်လှစ်

**ဇန်းမော် ဇွန် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကချင်ပြည်နယ် ဇန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၄၁/၂၀၁၈) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၉/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများသာမက ပြည်တွင်းရှိ အမျိုးသမီးလေးများပါ အသိပညာ၊ အတတ်ပညာများ တိုးပွားစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အခမ်းအနားတွင် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ အခြေခံ အိမ်တွင်းမှု သင်တန်းသူ ၃၉ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၄ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဆွေးနွေး

**မန္တလေး ဇွန် ၄**
၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တက်ရောက်လာသော တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများက ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ဥပဒေ၊ နည်းဥပဒေ လုပ်ငန်းလမ်းညွှန်များကို အောက်ခြေအဆင့်ထိ နားလည်တတ်ကျွမ်းစေရန် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်၊သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် အမှတ် (၁) နှင့် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် (မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး)များ လစ်လပ်လျက်ရှိပြီး အဆိုပါကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း နေပြည်တော်တွင် ဖွင့်လှစ်



**နေပြည်တော် ဇွန် ၄**
ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို ပိုမိုသွက်လက်မြန်ဆန်ပြီး ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်း အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒက္ခိဏခရိုင် သင်တန်းကျောင်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အရာထမ်း ၁၅ ဦးတို့အား သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်သူ၏ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ အွန်လိုင်းအသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံပညာ စသည့်ဘာသာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့ဆွေးနွေး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရွှေကုက္ကိုု**

## ဂုတ်ထိပ်တံတားသို့ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုများပြား

**မန္တလေး ဇွန် ၄**
ဂုတ်ထိပ်တံတားကိုပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားပြီး မန္တလေး-လားရှိုးရထားစီး၍လည်းကောင်း၊ နောင်ချိုမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်လည်းကောင်း လာရောက်လေ့လာကြသည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-လားရှိုး ရထားလမ်း နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိသည်။ ၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၃ ခုနှစ်တွင် ပြီးစီးကာ ရေနွေးငွေ့မီးရထားများဖြင့် မောင်းနှင်အသုံးပြုခဲ့သည်။ အခြား မီးရထားလမ်းတံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမဟုတ်ဘဲ နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းခေါ်သော ပေ ၃၀၀ ကျော် မတ်စောက်သည့် လျှိုကြီးနှစ်ဖက်ကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်သည်။

ဂုတ်ထိပ်တံတားကြီး၏ အရှည်မှာပေ ၂၂၆၀ ရှိသည်။ တံတားကြီးအောက်ခြေသည် ရေမျက်နှာပြင်မှ တိုင်းတာလျှင် ပေ ၁၁၀၀ မြင့်သည်။ တံတားတည်ဆောက်ရာတွင် သံနှင့်သံမဏိ ၄၃၁၁ တန်နှင့် သံမှိုပေါင်းတစ်သန်းကျော် သုံးစွဲထားသည်။ ပေ ၁၂၀ ရှည်သော အလျားကူး သံပေါင်ကြီး ၁၀ ခု၊ ပေ ၆၀ ရှည်သော အလျားကူး သံပေါင်ကြီး ၁၆ ခုတို့ဖြင့် သံမဏိသံတိုင်ကြီး ၁၆ တိုင်ပေါ်တွင် ခက်ခဲစွာ တည်ဆောက်ခဲ့သည်။ ဂုတ်ထိပ်တံတားသည် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတားဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကာ လာရောက်လေ့လာကြသည်။



ဂုတ်ထိပ်ဘူတာအနီး မြန်မာ့မီးရထားပိုင်မြေ ပေ ၅၀ × ပေ ၃၀ မြေနေရာတွင် စားသောက်ဆိုင်လုပ်ငန်း၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများ ငါးနှစ်ငှားရမ်း လုပ်ကိုင်နိုင်ရန် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်၍ စိတ်ဝင်စားသူများ ဇွန် ၅ ရက်မှ ၂၀ ရက်အထိ တင်ဒါစည်းကမ်းနှင့် အချက်အလက်များကို မန္တလေးဘူတာကြီး တတိယထပ် တိုင်းအမှတ် (၃) ရုံးတွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်သာ ဇွန် ၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို တောင်သာမြို့နယ် ဇဂျမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းညီမူရာခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီကကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နှင်းရည်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝိုင်းချစ်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နိုင်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဖြူမာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇဂျမ်း၊ ကန်မြဲ၊ မင်းယဉ်၊ ပလ္လင်၊ ကျောက်ဖူး၊ သမန်းတော၊ နတ်စောင့်၊ အင်းတဲ၊ နန်းတည်ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## နွေရာသီပန်းချီသင်တန်းဆင်းပွဲတွင် လက်ရာမွန်ပန်းချီကားများပြသ

**အောင်မြေသာစံ ဇွန် ၄**
လင်းရောင်ခြည် စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ သင်တန်းခန်းမဖွင့်ပွဲနှင့် နွေရာသီ ပန်းချီသင်တန်း သင်တန်းဆင်းပွဲနှင့် ကလေးပန်းချီ လက်ရာမွန်ပန်းချီပြပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက် ၂၆ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြားရှိ လင်းရောင်ခြည် စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေး စင်တာသင်တန်းခန်းမ၌ ကျင်းပသည်။

အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာဆူးငှက်က မုဒိတာစကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက် ဖွံ့ဖြိုးရေးပံ့ပိုးကူညီသူများနှင့် စာအုပ်အလှူရှင်များအား လင်းရောင်ခြည် စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မောင်မောင်လွင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပန်းချီဆရာမကြီး ဒေါ်ချိုချိုအောင်က နွေရာသီပန်းချီ သင်တန်းများဖွင့်လှစ်ခြင်းနှင့် ကလေးပန်းချီလက်ရာမွန်များ ပြသခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆုရကလေးများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမောင်မောင်လွင်နှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ စာရေးဆရာများ၊ သတင်းမီဒီယာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်

ကလေးပန်းချီ လက်ရာမွန်ပြပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ပြသထားမည်ဖြစ်သည်။ လင်းရောင်ခြည်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ ခန်းမကိုဟောပြောပွဲ၊ ပြပွဲများအတွက် အခမဲ့ သုံးစွဲနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဈေးအတွင်းကွင်းဆင်းစစ်ဆေးမှုများပြုလုပ်

**သရက် ဇွန် ၄**
သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဇွန် ၄ ရက် နံနက် ၈ နာရီ က ခရိုင်စားသုံးသူရေးရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်အတူ သရက်မြို့မဈေး အတွင်း အသားငါး ရောင်းချသူ ၂၀ အား အလေးချိန်ပြည့်မီစွာ ရောင်းချရေးအဖွဲ့ရုံးရှိ ဒစ်ဂျစ်တယ်ကတ္တားဖြင့် ချိန်တွယ်စစ်ဆေးကာ အသားငါးများရောင်းချသူတို့ကို ပညာပေးကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မုန့်မျိုးစုံရောင်းချသည့် ဆိုင်များသို့ သွားရောက်၍ ထုတ်လုပ်သည့်ရက်လွန်မုန့်များ ရောင်းချမှုမရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိသည့်မုန့်များ၊ ထုတ်လုပ်သည့်ရက် သက်တမ်းလွန်သည့်ရက်ပါဝင်သော အစားအသောက်များကိုသာ ရောင်းချရန်ဆိုင်ရှင်များကို အသိပညာပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ယခုကာလသည် ငါးများဥချသားဖောက်သည့်ရာသီဖြစ်သဖြင့် ငါးရစ်၊ ငါးသန် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်း၊ ရောင်းချခြင်းနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းများ မပြုလုပ်ရန် တားမြစ်ချက်များ ဖြန့်ဝေပြီး အသိပညာပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပ

**ဘားအံ ဇွန် ၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ဘားကပ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကွန်ပျူတာခန်းမ၌ ကျင်းပသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အလွတ်တန်း ၁၂ ဦး စုစုပေါင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**ပဲခူး ဇွန် ၄**

ပဲခူးခရိုင်ရဲတပ်ဖွဲ့က ဦးဆောင်ပြီး ခရိုင်အဆင့် (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ဇွန် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပဲခူးခရိုင်အတွင်း မြို့နယ်ရှစ်ခုရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

'အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့'၊ 'မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး'၊ 'နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့'၊ 'လူငယ်ဘဝတိုးတက်ဖို့ မူးယစ်ဆေးအန္တရာယ်ကာကွယ်စို့'၊ 'လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်'၊ 'ဦးစွာနားထောင်ပါ'စသည့် ခေါင်းစဉ်များထဲမှ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၊ တိုင်းဒေသကြီးပညာရေးမှူး ဆရာကြီး ဦးကျော်ဆင့်၊ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးစိုးပိုင်နှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကော့ဘိန်းတိုက်နယ်တွင် သက်ကြီးတန်း(ချစ်ကြည်ရေး) မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**ကော့ကရိတ် ဇွန် ၄**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ် နယ်မြေရဲစခန်းမှူး ရဲအုပ်သောင်းထွန်း၊ ကော့ဘိန်းတိုက်နယ်ကျေးရွာအုပ်ချုပ်ရေးမှူးများ ဦးဆောင်ကျင်းပသော ၂၀၁၈ ခုနှစ် သက်ကြီးတန်း (ချစ်ကြည်ရေး) မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် ညနေ ၃ နာရီခွဲတွင် ကော့ဘိန်း အထကကျောင်း အားကစားကွင်း၌ ပြုလုပ်သည်။

ပြိုင်ပွဲတွင် အသက် ၄၀ အထက် အသက်ကြီးတန်း(အမျိုးသား)ဌာနဆိုင်ရာအသင်း၊ ကော့ဘိန်းကျေးရွာ အသင်း၊ ကော့ပေါက်ကျေးရွာအသင်း၊ မင်းရွာကျေးရွာအသင်း၊ ဘုရားကြီးကျေးရွာအသင်းနှင့် ပိုင်ရပ်ကျေးရွာမှ(ကညာပျို)အသင်း စုစုပေါင်း ခုနစ်သင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ကော့ဘိန်းတိုက်နယ်(ဇရာအို)အသင်းနှင့် ပိုင်ရပ်ကျေးရွာအုပ်စု(ကညာပျို)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (ဇရာအို)အသင်းက (ကညာပျို)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့**

## လှိုင်ကော်တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းများဖွင့်လှစ်

**လှိုင်ကော် ဇွန် ၄**

အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇၁)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၅၀)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၅)နှင့် အခြေခံသိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၁၂) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေနှင့်ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင် အမျိုးသမီးများ၏ ဘဝလုံခြုံချောမွေ့စေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားပြီး လူ့စွမ်းအားအရင်းအမြစ်များ ထာဝစဉ် တိုးတက်စေရန် နိုင်ငံတော်၏ ထက်ဝက်ကျော် အင်အားရှိသည့် အမျိုးသမီးထုကြီး၏ အင်အားလည်း ရရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိ အမျိုးသမီးကောင်းများ ဖြစ်လာစေရန်နှင့် ဘဝရပ်တည်နိုင်ရေးအတွက် ကျွမ်းကျင်မှုအခြေခံနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးရန် အိမ်တွင်းမှုသင်တန်းကျောင်းများကို နိုင်ငံတော်က ရည်ရွယ်ချက်များ ချမှတ်ပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည့် သင်တန်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ကျောင်းအုပ်ကြီး ဒေါ်မြမြအေးက ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သင်တန်းသူများအား သင်ကြားမည့် နမူနာလက်ရာများ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်တို့မှ သင်တန်းသူများ၊ တပ်ရင်းတပ်ဖွဲ့နှင့် ငြိမ်းချမ်းရေးအဖွဲ့များမှ သင်တန်းသူများ စုစုပေါင်း ၇၈ ဦးတို့က သင်တန်းကာလ ၁၄ ပတ်ကြာ သင်တန်းတက်ရောက်ကြမည်ဖြစ်ပြီး အခြေခံအိမ်တွင်းမှုသင်တန်းမှ ၃၀၈၂ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းမှ ၆၂၈ ဦး၊ သိုးမွေးစက်ဆွဲသင်တန်းမှ ၄၁ ဦး၊ ဟင်းလျာသင်တန်းမှ ရှစ်ဦး၊ ကြိမ်သင်တန်းမှ လေးဦး၊ ဝါးသင်တန်းမှ ခုနစ်ဦး၊ ဂျပ်ခုတ်သင်တန်းမှ ၉၂ ဦး၊ စုစုပေါင်းသင်တန်းဆင်း ၃၈၆၂ ဦးကို လှိုင်ကော်အိမ်တွင်းမှုသင်တန်းကျောင်းမှ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်းခရိုင်) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန် (၉၂) ရပ်ကွက် မြသီတာပန်းဥယျာဉ်(ပန်းခြံ)အတွင်းရှိ မြသီတာ ဖူဆယ်ဘောလုံးအားကစားကွင်း၌ ဒုတိယအကြိမ်မြောက် မြသီတာ ဖူဆယ်ဘောလုံးအားကစားဗိုလ်လုပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၃ ရက် ညနေက ကျင်းပသည်။

ဒုတိယအကြိမ်မြောက် မြသီတာဖူဆယ်ဘောလုံးအားကစား ဗိုလ်လုပွဲပြိုင်ပွဲအတွက် အသင်းပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ အနိုင်ရဗိုလ်စွဲသွားသည့် ဂိုးစတားအသင်းကို ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် စစ်တောင်းရိပ်မွန် (၉၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသီဟတို့က လည်းကောင်း၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းနှင့် အကောင်းဆုံးကစားသမားဆုရရှိသည့် ချမ်းမြေ့အောင်တို့အား ဆုဖြိုးရဲကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သိန်းနှင့် (၉၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း ဆုများကို ချီးမြှင့်ကြကြောင်း သိရသည်။

**၅၁၂**

## မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း ရန်ပုံငွေ ပေးအပ်ပွဲ ပန်းတောင်းတွင်ကျင်းပ

**ပန်းတောင်း ဇွန် ၄**

ပြည်ခရိုင် ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင် (အသားကဏ္ဍ)ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲကို ပန်းတောင်းမြို့နယ် ရေလည်ကျွန်းအုပ်စု သောင်ကြီးကျေးရွာ၌ ဇွန် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာပိုက်ထွေးက အဖွင့်အမှာစကားပြောကြားပြီး တိရစ္ဆာန်များနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြစိမ်းရောင်(အသားကဏ္ဍ)စီမံကိန်း ချေးငွေကျပ် သိန်း ၄၀၀ ကို ကျေးရွာစီမံကိန်းဝင်အသင်းသား အသင်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီတို့က ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ရေကူးလူရွေးပြိုင်ပွဲကို ဇွန် ၂ ရက်မှ ၃ ရက်အထိကျင်းပရာ ပြိုင်ပွဲအပြီး ဆုပေးပွဲကို ညနေ ၄ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ဆုပေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အလွတ်ကူး(လူသစ်တန်း)ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၂ ဦးတို့ကို ရွေးချယ်ပြီးဖြစ်ရာ ဇွန် ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရေကူးပြိုင်ပွဲသို့ ပြိုင်ပွဲအမျိုးအစား ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ဘော်လခဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ဘော်လခဲ ဇွန် ၄**

ကယားပြည်နယ် ဘော်လခဲမြို့ အထွက်ဂိတ်တွင် မောင်းနှင်သွားလာကြသော မော်တော်ယာဉ်များကို ဘော်လခဲယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးခြင်း၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်ပါ၊ မပါစစ်ဆေးဆောင်ရွက် အသိပညာပေးခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး ဇွန် ၈ ရက်တွင် စည်းကမ်းနှင့်မညီသော မော်တော်ယာဉ်များကို တိကျစွာအရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်ဆက်)**

# ဝိုင်းမော်မြို့နယ်တွင် နန့်မြစ်ခတံတား ဖွင့်လှစ်

**ဝိုင်းမော် ဇွန် ၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသည့် နန့်မြစ်ခတံတား ဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံများ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်လှစ်ခဲ့သည့် နန့်မြစ်ခတံတားနှင့် ချဉ်းကပ်လမ်းတို့အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၀၀ ကျော် အကုန်အကျခံကာ တံတားဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့က တာဝန်ယူ၍ အရှည် ၃၁၁ ပေ၊အကျယ် ယာဉ်နှစ်လမ်းသွား ၄၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါဝင်ကာ ၇၅ တန်ခံနိုင်ဝန်ရှိ သံမဏိရက်မ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား၊ သံကူကွန်ကရစ်ကမ်းကပ်ခုံရေလည်တိုင်အဖြစ်၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှစတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ မေ ၂၈ ရက်တွင် ပြီးစီးခဲ့သည်။

တံတားဟောင်းမှာ အရှည်ပေ ၂၆၀၊ အကျယ် ၁၃ ပေခွဲရှိ ဘေလီသံပေါင်တံတားဖြစ်ပြီး တန် ၂၀ သာ ဖြတ်သန်းနိုင်ခြင်းကြောင့် အဆင့်မြင့်တံတားအဖြစ် တည်ဆောက်ပေးခြင်းဖြစ်ပြီး အဆိုပါတံတားမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဗန်းမော်-လားရှိုး-မန္တလေးတို့သို့ ဆက်သွယ်သွားလာလျက်ရှိသည့် လမ်းအပိုင်းတွင် ပါဝင်သဖြင့် အဓိကကျသည့် တံတားတစ်စင်းဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ဦးလေးကြီး၊ ဓာတ်ပုံ- ပြည်နယ်(ပြန်/ဆက်)**







# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၄**
ရန်ကုန်တိုင်းတရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးတရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာစေဖို့ ဆောင်ရွက်ရန်တာဝန်ရှိသူများဖြစ်ကြောင်း၊ ရုံးလုပ်ငန်းကိစ္စများ၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာတွင် တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်တတ်ရန်လိုအပ်ကြောင်း၊ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာပြောဆိုဆက်ဆံတတ်ရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာမှာ လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာပြည်သူအများယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာမိတ်ဆက်ရှင်းလင်းခြင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းခွဲဖြစ်မြောက်ရေး တွေ့ဆုံဆွေးနွေး

**မကွေး ဇွန် ၄**
မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအတွင်း ပထမဆုံးအကြိမ် ကျင်းပသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မိတ်ဆက်ရှင်းလင်းခြင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းခွဲဖြစ်မြောက်ရေး တွေ့ဆုံဆွေးနွေးပွဲကို မကွေးမြို့ရှိ ထိန်ထိန်သာဟိုတယ်၌ ဇွန် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းမှာ နိုင်ငံ၏အဓိကထွက်ကုန်များဖြစ်သော ဒေသထွက်ကုန်များ ဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုးနှင့် အလှဆီတို့အား မြန်မာ့ပထဝီဒေသဆိုင်ရာ အညွှန်းဒေသအနေဖြင့် တစ်ချိန်ချိန်တွင် ဖြစ်ပေါ်လာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း အသိဉာဏ်ပစ္စည်းဖွံ့ဖြိုးတိုးတက်လာပါက လက်ရှိထုတ်လုပ်နေသည့် ကုန်ပစ္စည်းအသစ်ထုတ်လုပ်မှုများတွင် လုပ်ငန်းရှင်အသစ်များပေါ်ပေါက်လာပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အတွေးအခေါ်သစ်များဖြင့် အဆင်သင့်ဖြစ်စေရန်အတွက် အကြံပေးသည့်အနေဖြင့် အသိဉာဏ်ပစ္စည်းအားဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ မိမိပတ်ဝန်းကျင်ရှိအရာဝတ္ထုများမှာအသိဉာဏ်ပစ္စည်းနှင့် ပတ်သက်နေသည်ကို သတိထားမိစေလို၍လည်းကောင်း ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုအခါ မကွေးတိုင်းဒေသကြီးအတွင်း အသင်းခွဲဖြစ်မြောက်ပြီဖြစ်၍ အနာဂတ်ကာလတွင်လည်း အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေး ဆွေးနွေးပွဲများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဥပဒေချုပ်ဦးဆန်းလင်းနှင့် ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းဆိုင်တို့ တက်ရောက်အမှာစကားပြောကြားသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ စီးပွားရေးအတွေ့အကြုံ၊ စီးပွားတိုးဆင့်'မူပိုင်ခွင့်' ရေမြင့်ကြာပွင့် တိုင်းပြည်သင့်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်အကြောင်းအရာများကို အသိဉာဏ်ပစ္စည်း ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒုဥက္ကဋ္ဌဦးသိန်းအောင်၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊အလုပ်အမှုဆောင်များက ဟောပြောဆွေးနွေးခဲ့ကြကာတက်ရောက်လာကြသူများ၏သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းဟောပြောဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

**ပွင့်သစ္စာ**

# ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် အသက် ၂၀ နှစ်အောက် မီနီမာရသွန်ပြိုင်ပွဲ ကွမ်းလုံ၌ကျင်းပ

**ကွမ်းလုံ ဇွန် ၄**
ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ အထိမ်းအမှတ် ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် အခြေခံပညာကျောင်းပေါင်းစုံကျောင်းအခြေပြု အသက် ၂၀ နှစ်အောက် မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၅ နာရီခွဲက လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပသည်။



မီနီမာရသွန် အပြေးပြိုင်ပွဲတွင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြိုင်ပွဲဝင် အားကစားသမားများကို လွတ်လပ်ရေး ကျောက်တိုင်ရှေ့မှ ဟဲဟော်ကျေးရွာအနီး ကျောက်စခန်းအထိ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် အသွား၊ အပြန် သေနတ်ဖောက်တာလွှတ်၍ ပန်းဝင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ခရိုင်အားကစားမှူး ဦးလှိုင်ငွေအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

**မိုင်းနိုင်ဇော်(ပြန်/ဆက်)**



# အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်မည့်သူများပေါ်ထွက်လာနိုင်ရေး လိုအပ်သည်များပံ့ပိုးကူညီ

**မုံရွာ ဇွန် ၄**
အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အဆိုပါ ကျောင်းဝင်းအတွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ ပညာထူးချွန်ပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် လူချွန်လူကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့်လည်း လိုအပ်သည်များပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများနှင့်အားကစားပစ္စည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော အားကစားနည်း ၁၀ မျိုး၏ အသုံးအဆောင်များလေ့ကျင့်ရေးအကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ စတင်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိမြို့နယ်များမှ သတ်မှတ်အားကစားနည်းများကို စိတ်ဝင်စားသည့် အဋ္ဌမတန်းနှင့် နဝမတန်းတို့တွင် တက်ရောက်ပညာသင်ကြားကြမည့်(ကျောင်းသားကျောင်းသူ) သင်တန်းသား ၇၀၊ သင်တန်းသူ ၅၇ ဦး စုစုပေါင်း ၁၂၅ ဦးဖြင့် ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ လက်ဝှေ့၊ ကရာတေး စသည့် အားကစား ၁၀ မျိုးနှင့် ပညာရေးကို ပေါင်းစပ်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုပညာသင်နှစ် ၂၀၁၈-၂၀၁၉ တွင် သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၇၇ ဦးကို ထပ်မံခေါ်ယူကာ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မောင်တော၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**မောင်တော ဇွန် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ဦးစီး၍ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၅၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၄၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အမှာစကားပြောကြားသည်။ **(ယာပုံ)**



အဆိုပါ သင်တန်းကို မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များရှိ တိုင်းရင်းသားကျေးရွာ ၂၅ ရွာမှ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သော သင်တန်းတွင် အဆင့်မြင့်နှင့်အခြေခံသင်တန်း နှစ်ခုခွဲခြားထားပြီး အခြေခံသင်တန်းတွင် သင်တန်းသား ၅၅ ဦး၊ အဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၁၀ ဦး စုစုပေါင်း တိုင်းရင်းသူ သင်တန်းသား ၆၅ ဦး တက်ရောက် သင်ကြားလျက်ရှိသည်။ အဆိုပါသင်တန်းကို ဇွန် ၄ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ရက်သတ္တ ၁၄ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်ထံမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်း ၄၃ ကျောင်းကို ဖွင့်လှစ်ထားပြီး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသူ အမျိုးသမီးများ မိမိကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် ဘဝရပ်တည်နိုင်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများ တစ်နှစ်လျှင် သုံးကြိမ်ခန့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ နိုင်လင်းကြည်**

**ဓာတ်ပုံ - သီဟစည်သူ**

# မောင်တော၌ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ ကျင်းပ



**မောင်တော ဇွန် ၄**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မောင်တောမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ဒွါရာဝတီဆောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်ဦး၊ မူးယစ်အထူးတပ်ဖွဲ့(၄၆)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်ဝင်းနှင့် ခရိုင်ပညာရေးမှူး ဦးခင်အောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲများသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉ ဦး နှင့် ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သတင်း-ဇင်ဦး၊ နိုင်လင်းကြည်**

**ဓာတ်ပုံ-သက်လွင်စိုး**

**(ခရိုင်ပြန်/ဆက်)**


## သံတောင်ကြီးကျောင်းအဝင်လမ်း၌ ပိတ်နေသော မြေကြီးများကို ဖယ်ရှားရှင်းလင်း

**သံတောင်ကြီး ဇွန် ၄**


ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် မေ ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် (အထက)သံတောင်ကြီးကျောင်း အဝင်လမ်း၌ မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။ ယနေ့ နံနက် ၉ နာရီတွင် ယင်းကျောင်းအဝင်လမ်း၌ ပိတ်မိနေသော မြေကြီးများကို ကျောင်းသားမိဘများ စုပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**











# ရေကြောင်းအသိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇွန် ၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar သည် ကမ်းလွန်ရတနာစီမံကိန်းတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ FLNG Project လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဓမင်းဆိပ်ကမ်းခြေမှ ဟိန်းဇဲချောင်းအတွင်း MV.JAVA INSIGNIA ရေယာဉ်နှင့် LCT LAYAR MAS 292 ရေယာဉ်တို့ဖြင့် Subsea and Geotechnical Survey လုပ်ငန်းများကို တည်နေရာဧရိယာများဖြစ်သော Damin Seik မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၂၀ ဒသမ ၆၂၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၂၇ ဒသမ ၁၈၃၆၈ စက္ကန့်၊ Point S1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၅၂ ဒသမ ၁၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၅၉ ဒသမ ၁၆၈ စက္ကန့်၊ Point S2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၁၂ ဒသမ ၈၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၃ မိနစ် ၅၉ ဒသမ ၁၈၉ စက္ကန့်၊ Point S3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၁၂ ဒသမ ၇၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၅၆ ဒသမ ၄၈၂ စက္ကန့်၊ Point S4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၀ ဒသမ ၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၁ ဒသမ ၅၃၃ စက္ကန့်၊ Point S5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၅၃ ဒသမ ၀၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၃၇ ဒသမ ၁၉၈ စက္ကန့်၊ Point S6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၅၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၃ ဒသမ ၁၁၃ စက္ကန့်၊ Point S7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၃ ဒသမ ၉၉၇ စက္ကန့်၊ Point S8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၁၉ ဒသမ ၃၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၂၂ ဒသမ ၇၉၁ စက္ကန့်၊ Point S9 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၄၄ ဒသမ ၇၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၁ မိနစ် ၄၀ ဒသမ ၄၈၈ စက္ကန့်နှင့် Point S10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၂ မိနစ် ၂၈ ဒသမ ၃၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၉ မိနစ် ၂၉ ဒသမ ၀၇၁ စက္ကန့်ထိကို ဇွန် ၉ ရက်မှ ဇူလိုင် ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **ကြေးမုံ**

# တောင်ကျရေကြောင့် တင်ကျန်ခဲ့သည့် နုန်းမြေများကို ရှင်းလင်းဆောင်ရွက်

**ကျောက်မဲ(နောင်ပိန်) ဇွန် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့နေရာများ၌ တောင်ကျရေနှင့်အတူ နုန်းမြေများပါ ပါရှိလာပြီး နေအိမ်အချို့နှင့် ကားလမ်းများပေါ်အထိ တင်ကျန်ရစ်ခဲ့သည်။

တောင်ကျရေနှင့်အတူ အဆိုပါနုန်းမြေများ ဝင်ရောက်ခဲ့သည့် ကျောက်မဲမြို့နယ် ပင်ပေါအုပ်စု ဇီးပင်စခန်းမှ နေအိမ်များကို နောင်ပိန်ကျေးရွာ ကမ်းလင့်လက်များ လူမှုကူညီရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်နှင့် ဂေါ်ရခါးအသင်းဝင်များ၊ စေတနာရှင်များက ဇွန် ၂ ရက်တွင် သွားရောက်ကူညီရှင်းလင်းပေးခဲ့ကြသည်။ ဆက်လက်၍ မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ခိုက်တုန်ဟုန်းနှင့် ရင်ကွဲတောင်ကြား မန့်တန်းရွာတွင် တောင်ကျရေနှင့်အတူပါလာသော နုန်းမြေများ ကားလမ်းပေါ်၌ တင်ကျန်ရစ်ပြီး လမ်းခေတ္တပိတ်သွားခဲ့ရာ သွားရောက်ရှင်းလင်းပေးခဲ့ကြသည်။ ကားလမ်းပေါ်၌ တင်ကျန်ရစ်သော အဆိုပါနုန်းမြေများကို အထက်ပါ နောင်ပိန်ကျေးရွာ လူမှုကူညီရေးအသင်းများနှင့်အတူ မန္တလေးမှ ဆောက်လုပ်ရေးလုပ်ငန်း လာရောက်ဆောင်ရွက်နေသူများ စုစုပေါင်းလူအင်အား ၃၀ ကျော်က ပေါက်ပြား၊ ဂေါ်ပြားများဖြင့် ရှင်းလင်းဖယ်ရှားပေးခဲ့ကြသည်။ ထိုသို့ကူညီဆောင်ရွက်ပေးမှုကြောင့် တစ်နာရီအတွင်း နုန်းမြေများကို ရှင်းလင်းပေးနိုင်ပြီး ကားလမ်းပြန်ပွင့်ခဲ့သည်။ ဆက်လက်၍ အော်ရီယမ်တယ်လ်ဟိုင်းဝေးကုမ္ပဏီ(ကျောက်မဲ)က မြေကော်စက်ယာဉ်များဖြင့် လာရောက်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ရှမ်းပြည်နယ်တွင် မိုးဆက်လက်ရွာသွန်းနိုင်၍ အများပြည်သူ အန္တရာယ်ကင်းနိုင်ရေးနှင့် ကားလမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့အတွက် နောင်ပိန်လူမှုကူညီရေးအသင်းများနှင့် သက်ဆိုင်ရာ လမ်းကုမ္ပဏီတို့က အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရှိကြောင်း သိရသည်။

**သီပေါကိုလတ်**


နှလုံးသားထဲက မြန်မာ
MPT Club
MPT ရွှေသို့လှမ်းချီ မြန်မာပြည်
MPT သုံးစွဲသူအားလုံးအတွက် MPT Club အစီအစဉ်ကို စတင်မိတ်ဆက်လိုက်ပါပြီ။
MPT Club အစီအစဉ်ဆိုတာ ဘယ်လိုမျိုးလဲ?
MPT Club မှာ စာရင်းပေးသွင်းပြီး MPT နဲ့ ဖုန်းငွေဖြည့်ဖြည့်၊ အကျိုးတူပူးပေါင်းထားတဲ့ဆိုင်တွေက ပစ္စည်းတွေဝယ်ဝယ်၊ Point ဒါမှမဟုတ် တစ်ခြားလက်ဆောင်တွေ ရရှိနိုင်မယ့် အစီအစဉ်ပေါ့...
MPT Club ကနေ Point တွေ ရလာရင်ရော ဘယ်မှာပြန်သုံးလို့ရမှာလဲ?
Point တွေနဲ့ MPT ဝန်ဆောင်မှုတွေ (ဒါမှမဟုတ်) MPT နဲ့ အကျိုးတူပူးပေါင်းထားတဲ့ ဆိုင်တွေကနေ သတ်မှတ်ထားတဲ့ ပစ္စည်းတွေကို ပြန်လဲလှယ်ရယူနိုင်မှာပါ။
MPT ဝန်ဆောင်မှု ဆိုတာက?
MPT Club အစီအစဉ်အတွက် သီးသန့်ပြုလုပ် ပေးထားတဲ့ package တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။
MPT Club အစီအစဉ်မှာ ပါဝင်ဖို့အတွက်ဆိုရင် ဘယ်လိုလုပ်ရမလဲ?
*345# ကို ဖုန်းခေါ်ဆိုပြီး Register လုပ်ပြီးတာနဲ့ အစီအစဉ်မှာ ပါဝင်ပြီးသားဖြစ်ပြီလေ။ ဒါ့အပြင် အဖွင့်လက်ဆောင်အနေနဲ့ Point တွေ ပါရဦးမှာနော်
Yayy!!
Yes!!
*345# ကို ဖုန်းခေါ်ဆိုပြီး MPT Club မှာ ပါဝင်လိုက်ရအောင်။
အထူးအစီအစဉ်အနေနဲ့ ဇွန်လ ၃၀ရက် အထိ
Register လုပ်ပြီး ဖုန်းငွေဖြည့်တိုင်း
Point ၂၀ ရဦးမှာနော်။
အသေးစိတ်အချက်အလက်ကို http://mpt.com.mm/mm/mpt-club-mm/ မှာ သွားရောက်ကြည့်ရှုနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday



သက္ကရာဇ်(၃၉၃)ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်တော်မူသော ပုဂံမြို့သစ်၊ သီရိပစ္စယာရပ်ကွက်ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ရွှေစင်၊ ရွှေသား၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းပုံ၊ ဆပ်သွားဖူးတော်နှင့် ထီးတော်တို့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ(၁၀)ရက်၊ ၁၃၈၀ခုနှစ်၊ နယုန်လပြည့်ကျော်(၁၂)ရက် တနင်္ဂနွေနေ့ နံနက်(၇)နာရီအချိန်တွင် တင်လှူပူဇော်သွားမည်ဖြစ်ပါသောကြောင့် လှူဒါန်းထားသောအလှူရှင်များနှင့် အများပြည်သူ ကြည်ညိုသဒ္ဒါပွားစေနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးဖိတ်ကြားနိူးဆော်အပ်ပါသည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော်ရွှေထီးတော်အတွက် လှူဒါန်းနိုင်ရန်-

ဆရာတော် ဦးအာဒိစ္စ ၀၉-၂၀၄၃၅၈၆

ဆရာတော် ဦးမေဃိယ ၀၉-၂၀၄၃၇၃၆

ဦးချစ်စိန် ဂေါပကဥက္ကဌ ၀၉-၂၀၄၂၆၀၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိူးဆော်အပ်ပါသည်။

**အောင်ကမ္ဘာ အိမ်ခြံမြေရောင်းဝယ်ရေး**

ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။

ပွဲခပေးရန်မလိုပါ။

Ph:09-43118200, 09-450096144, 09-450096155

KN tech Engineering Group
Air-Con ရေခဲသေတ္တာအဝတ်လျှော်စက်များကိုအာမခံဖြင့်ပြုပြင်တပ်ဆင်ရောင်းဝယ်လဲလှယ်ပေးခြင်းကိုအိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
Ph: 09-400788135
09-762276128

**ဂဘား မျိုးစုံ**
Alphard,Hiace ၉/၁၃၁ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph:09795549249,095418126
09-795546884

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေလုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

**LUCKY HOME**
ဆေးသုတ်ဝန်ဆောင်မှုလုပ်ငန်း

| | |
|---|---|
| Unitex | = 90,170, 220 |
| Orient | = 150, 250, 300 |
| Premier | = 220, 350, 400 |
| ICI | = 300, 400, 650 |

(၁) ပေပတ်လည်ပစ္စည်းလက်ခ
အပြီးအစီး
ဆေးသုတ်ခြင်း၊ပေါလစ်တင်ခြင်းတို့ကို စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါသည်။
PH.09-425305837
.09-250161966

**ကိုးဘွဲ့ရရိပ်သာ၌နှစ်ညအိပ်သုံးရက် [၁၉–ကြိမ်မြောက်] တရားစခန်းဖွင့်လှစ်မည်။**

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌ မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း —

**၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂-၂၃-၂၄ သောကြာ-စနေ-တနင်္ဂနွေ**

နေ့များတွင် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ ကိုးဘွဲ့ရဝိပဿနာတရားစခန်းရိပ်သာ၊(၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထူးလမ်း၊မြောက်–ဒဂုံ။ကျောင်းဖုန်း–၀၉ ၄၄၄ ၇၈၈ ၁၈၅ သို့ဖုန်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါပြီ။

(ယောဂီတစ်ပါးအိပ် သံကုတင်တစ်လုံး–၇၅၀၀ိ/–၊ အာရုဏ်ဆွမ်း – တစ်သိန်းကျပ်၊ နေ့ဆွမ်း–တစ်သိန်းငါးသောင်းကျပ်၊ ဖျော်ရည်–ငါးသောင်း၊ ရေသန့်–၁၅၀၀ိ/လည်း လှူဒါန်းနိုင်ပါပြီ။)

သမားရိုးကျသရဲတစ္ဆေ အချစ်ဝတ္ထုများ၏ လမ်းကြောင်းမှ ဖောက်ထွက်ထားသော စာအုပ် . . .
ဝတ္ထုအစမှအဆုံး မရပ်မနား တရစပ် အက်ရှင်များ ပြည့်နေသည့်စာအုပ် . . .
စာအုပ်၏ နောက်ဆုံးစာမျက်နှာရောက်သွားသည့်တိုင် အဆုံးမသတ်နိုင်သေးဘဲ ဆက်ပြီး ဖတ်ချင်နေဦးမည့် စာအုပ် . . .




**ကိုချမ်း ၏**
ထွက်ပြီ
ပင်ကိုရေး သိပ္ပံထိတ်လန့်သည်းဖို လုံးချင်းဝတ္ထုရှည်အသစ်
City Mart ဆိုင်များနှင့် နီးစပ်ရာစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။
တစ်ဦးချင်းနယ်အမှာများကို စာတိုက်မှ အိမ်တိုင်ရာရောက် ပို့ပေးပါသည်။
ဖြန့်ချိရေး – ဘက်စုံစာပေ၊ ၁၁၃၊ ၃၃ လမ်း(လယ်)၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၃၇၃၂၁၀၊ ၀၉ ၅၁၆၂၀၆၄၊ ၀၉ ၇၇၇၄၄၃၃၁၃

**ES4E** WEEKEND ENGLISH COURSE

For Young Learners ( Age - 5 to 14 yrs)
Starting in June
Enrol Now!
☎ 01-8550337, 8550960, 578204, 8561652

**စီးပွားပန်းခင်း**
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI တရင်းကိုင်သင်တန်း Level 1+2+3
AutoCount Computerised Accounting
2018 December Series(June)တန်းခွဲသစ်များ(9.6.2018)စမည်။
သင်တန်းကြေး (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (15.6.2018) အတွင်းအပ်နှံသူများ 10% Discounts ရမည်။
မြို့ထဲ ။ (၁၀၃)(ဂရှာ)၊ ၇၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09-5118647-73009869-73013432-73028433

**WIN Japanese Language School**

| | | |
|---|---|---|
| Basic | 13-6-2018 | Wed~Fri |
| Basic | 10-7-2018 | Tue~Thu |
| Pre-Adv: Practice | 24-7-2018 | Tue~Thu |
| Intermediate | 31-7-2018 | Tue~Thu |
| Basic | 25-8-2018 | Sat,Sun |
| Intermediate | 25-8-2018 | Sat,Sun |
| Pre-Advanced(I) | 25-8-2018 | Sat,Sun |

တန်းခွဲသစ်များလည်း လစဉ်ရှိပါသည်။ Tel: 01-299493
Tel: 09-780390093,09780390094(စိန်ပေါ်လ်မှတ်တိုင်။)



ကြေးမုံ



# အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပ



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို လွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဆူရီခွား-ဒွမ်ဗား-ဖာဟော ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ရေး ညှိနှိုင်းဆောင်ရွက်ပေးမည်

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ဆူရီခွား-ဒွမ်ဗား-ဖာဟော ရွာချင်းဆက်ကားလမ်းဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဟားခါးမြို့နယ်အတွင်းရှိ ဆူရီခွား-ဒွမ်ဗား-ဖာဟောရွာချင်းဆက်လမ်းသည် ဆူရီခွားမှ လမ်းခွဲအထိ ၁၈ မိုင်ရှိပြီး လမ်းခွဲမှ ဒွမ်ဗားအထိ ခြောက်မိုင်ခန့်နှင့် လမ်းခွဲမှ ဖာဟောအထိ လေးမိုင်ခန့်ရှိသဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ စတင်

**ရန်ကုန် ဇွန် ၄**

၂၀၁၈ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပခဲ့သည်။**(အောက်ပုံ)**

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေနှင့် ရခိုင်ပြည်နယ် အသင်းများမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများအားလုံး ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၂၆၅ ဦး တို့မှ လူသစ်တန်းပြိုင်ပွဲတွင် အတန်း ၁၀ တန်း၊ (ဂ)အဆင့်ပြိုင်ပွဲတွင် အတန်းရှစ်တန်း၊ အမျိုးသမီးပြိုင်ပွဲတွင် အတန်းလေးတန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**



# ရန်ကုန်နှင့် နေပြည်တော်တွင် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း ထုတ်ယူသူများပြား

## အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင်လည်း ထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ထုတ်ပြန်သော ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို ယနေ့ နံနက် ၇ နာရီမှ စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဖွဲ့ကပင်ဆောင်၊ မေခဆောင်နှင့် နေပြည်တော်ရုံး အမှတ်(၅၂)တို့၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ထုတ်ပြန်ပေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောကြားသည်။

"၂၀၁၈ ခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ၊ ကျရှုံးသူတွေရဲ့ အမှတ်စာရင်းကို ဒီနေ့ကစပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ တစ်ပြိုင်တည်း စတင်ထုတ်ပေးနေပါပြီ။ ဒီနေ့ကစပြီး ရုံးဖွင့်ရက် တစ်လျှောက်လုံး တစ်နှစ်ပတ်လုံး ထုတ်ပေးနေပါပြီ။ ပုံမှန်ရုံးဖွင့်ချိန် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးရမယ်လို့ ဆိုထားပေမယ့် လာရောက်ထုတ်ယူသူတွေ အုံမသွားအောင် ဒီရက်ပိုင်းတွေမှာ မနက် ၇ နာရီကတည်းက စထုတ်ပေးနေပါပြီ။ အရင်နှစ်တွေက အမှတ်စာရင်းစထုတ်ပေးတဲ့ရက်သတ္တ နှစ်ပတ်လောက်ကတော့ တစ်ရက် တစ်ရက်ကို ဦးရေ သုံး၊ လေးသောင်းကျော်တယ်။ ထုတ်တဲ့ဦးရေ အမြင့်ဆုံးဖြစ်တာပေါ့။ နောက်ပိုင်းတော့ လျော့သွားတယ်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကိုလည်း သွားရောက်ထုတ်ပေးနိုင်ဖို့ မြန်မာနိုင်ငံစာစစ်အဖွဲ့တွေခွဲပြီး ထွက်သွားကြပါပြီ။ နယ်မြို့တွေမှာပါ ထုတ်ပေးသွားမှာပါ" ဟု မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောကြားသည်။



မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၌ အမှတ်စာရင်း လာရောက်ထုတ်ယူကြစဉ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

